# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

**၁၃၈၇ ခုနှစ် ၊ ဝါခေါင်လဆန်း (၇)ရက် ၊ ကြာသပတေးနေ့ ၊ (31-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၉၂)**


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနား ကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ရေခဲတောင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် နိုင်ငံ့တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့မှု**

ထိုသို့ဂုဏ်ပြုတွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ **စာမျက်နှာ ၁၆ ကော်လံ ၁ ☞**




ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၃၁ ရက်
အယ်ဒီတာ့အာဘော်

# ငလျင်ဒဏ်ခံနိုင်ရည်ရှိသောအဆောက်အအုံများ တည်ဆောက်ရေး

သဘာဝဘေးအန္တရာယ်သည် ကမ္ဘာပေါ်ရှိနိုင်ငံတိုင်း ရှောင်လွှဲ၍မရသော ဘေးအန္တရာယ်ဖြစ်သည်။ လေပြင်းမုန်တိုင်း၊ ရေကြီးရေလျှံမှု၊ တောမီးလောင်ကျွမ်းမှုများသည် ကြိုတင်သတိပေးကာကွယ်နိုင်သော သဘာဝဘေးအန္တရာယ်မျိုးဖြစ်ပြီး မြေငလျင်ကဲ့သို့သောတိကျစွာ ကြိုတင်ခန့်မှန်းခြင်းမပြုနိုင်ဘဲ ရင်ဆိုင်ကြရသည့် သဘာဝဘေးအန္တရာယ်မျိုးလည်းရှိသည်။

မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က ရစ်ချ်တာစကေး ၇ ဒသမ ၇ ဖြင့် လှုပ်ခတ်သွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ငါးခု၌ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်စေခဲ့သည်။ ထို့ပြင် ရဟန်းရှင်လူပြည်သူ ၃၇၃၉ ဦး အသက်ဆုံးရှုံးခဲ့ရပြီး အခြေခံအဆောက်အအုံပျက်စီးမှုများအနေဖြင့် လူနေအိမ် ၅၀၀၀၀ ကျော်အပါအဝင် လမ်း၊ တံတားများ၊ တာဝါတိုင်များ၊ ကျောင်း၊ ဆေးရုံများ၊ သာသနိကအဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံများစွာထိခိုက်ပျက်စီးခဲ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇူလိုင် ၂၈ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်သော ငလျင်ကာလအလွန် နည်းပညာဆိုင်ရာဆွေးနွေးပွဲ (Post Earthquake Technical Forum)ဖွင့်ပွဲအခမ်းအနားကို တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာ၌ **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဓာနကျသည့်တည်ဆောက်ရေးကဏ္ဍတွင် တည်ဆောက်သည့်အဆောက်အအုံများ၏အရည်အသွေးပြည့်ဝပြီး ခိုင်ခံ့ကောင်းမွန်ရေးသည် အလွန်အရေးကြီးသည့်အချက်ဖြစ်ကြောင်း၊ အဓိကအားဖြင့် မိမိတို့လူသားများအနေဖြင့် ယနေ့အချိန်ထိ ကြိုတင်ခန့်မှန်းခြင်းမပြုနိုင်သကဲ့သို့ ရှောင်လွှဲ၍လည်းမရနိုင်သည့် မြေငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်မျိုးနှင့်ရင်ဆိုင်ရသည့်အချိန်မျိုးတွင် မိမိတို့ထူထောင်တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများသည် ငလျင်ဒဏ်ခံနိုင်သည့် စံချိန်စံညွှန်းအရည်အသွေးများနှင့်ကိုက်ညီမှသာ မိမိတို့ပြည်သူများ၏အသက်အိုးအိမ်ထိခိုက်ဆုံးရှုံးရခြင်းများမှ ထိရောက်စွာကာကွယ်နိုင်မည်ဖြစ်ကြောင်း** "ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အနေဖြင့် ငလျင်ကာလအလွန်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရန် လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် **"အဆောက်အအုံများပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ"** ဖွဲ့စည်းပြီး သဘာဝဘေးအန္တရာယ်များ ကျရောက်လာချိန်တွင် ပြည်သူများ၏အသက်အိုးအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုနည်းပါးစေရန် ငလျင်ဒဏ်ခံနိုင်သည့် စံချိန်စံညွှန်း အရည်အသွေးများနှင့်ကိုက်ညီသော အခြေခံအဆောက်အအုံများကိုပြုပြင်တည်ဆောက်ရေးလုပ်ငန်းများစနစ်တကျဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ တည်ဆောက်ရေးကဏ္ဍတွင် ကဏ္ဍစုံမှပါဝင်ဆောင်ရွက်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကရှိသက်ဆိုင်ရာကဏ္ဍအသီးသီးမှ တာဝန်ရှိသူများအားလုံးအနေဖြင့် မိမိတို့ တာဝန်ယူတည်ဆောက်သော အခြေခံအဆောက်အုံများသည် အနာဂတ်ကာလများတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်ချလုံခြုံ၍ ငလျင်ဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံများ တည်ဆောက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း အားထုတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၁၉၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၁၉၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ကေ ၁၆၂၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၁၉၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ယင်းမာပင်ခရိုင်အတွင်း နေကြာ ကေ ၁၆၂၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၀၁၉၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာတစ်ကေ ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် နေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၃၂၉ ကေ၊ ကနီမြို့နယ်တွင် ကေ ၂၉၉၀၊ ဆားလင်းကြီးမြို့နယ်တွင် ကေ ၆၅၀၊ ပုလဲမြို့နယ်တွင် ၃၂၂၅ ကေ စုစုပေါင်း ၁၀၁၉၄ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် နေကြာစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၇၉၄၁ ကေ၊ ကနီမြို့နယ်တွင် ၃၉၃၉ ကေ၊ ဆားလင်းကြီးမြို့နယ်တွင် ကေ ၁၁၅၀၊ ပုလဲမြို့နယ်တွင် ကေ ၃၂၂၀ စုစုပေါင်းကေ ၁၆၂၅၀ ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် နေကြာစိုက်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားပြီး ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူသို့ ဖလှယ်သည့်နည်းစနစ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ဇီးကျင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝမ်းတွင်း ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နေပူကုန်းကျေးရွာအုပ်စု ဇီးကျင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် တာဝန်ရှိသူများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၂၃ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ဇီးကျင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၅ ဒသမ ၄ သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၅ ဒသမ ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၂ ဒသမ ၉၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၈ ဦးကို ရန်ပုံငွေကျပ် ၂၃ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရှဥ့်ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရှဥ့်ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးဝင်းက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ငါးရှဥ့်ပိဿာချိန် ၅၃၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးရှဥ့်ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငါးရှဥ့်တွေ သိသိသာသာကို ဝယ်လိုအား ကောင်းခဲ့ပါတယ်။ ဇွန်လအတွင်း ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးရှဥ့်ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်က ထွက်ရှိတဲ့ ငါးရှဥ့်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ အခုလို ငါးရှဥ့်တင်ပို့အားကောင်းလာတော့ ငါးရှဥ့်မွေးမြူသူတွေနဲ့ ရေလုပ်သားတွေ၊ ငါးရှဥ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာပါတယ်"ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်အေးဝင်းကပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးရှဥ့်အပါအဝင် ရေထွက်ကုန်များကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးရှဥ့်များကို ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိပြီး လက်ရှိတွင် ငါးရှဥ့်တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ကျပ်ဆည်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုစစ်ဆေး

**မလှိုင် ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကျပ်ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အခြားလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျပ်ဆည်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ဦးကို ငွေကျပ် ၁၄ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၂၄ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၃ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ ဦးကို စီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၁၀၂ လမ်း၊ ၆၂ x ၆၃ လမ်းကြားနေ ကျန်ရစ်သူမိသားစုက ဦးတင်ဖေအား ရည်စူး၍ ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၁၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၁၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖောင်းပြင်မြို့နယ်တွင် စပါး ဧက ၅၄၅၅၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လ ပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၈၁၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ စပါး ဧက ၅၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ဒီနေ့ထိ ၁၈၁၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ သဘာဝပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲတတ်စေရေး အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ငဖဲမြို့နယ် ငလှိုင်တောကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ငဖဲ ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ငလှိုင်တောကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေနှင့် တာဝန်ခံ အင်ဂျင်နီယာများမှ ငလှိုင်တောကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

ငဖဲမြို့နယ် ငလှိုင်တောကျေးရွာ၌ ကုန်ထုတ်လမ်း အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၉၀ ဒသမ ၅၄၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရဲထွဋ်လှိုင်ကုမ္ပဏီက တာဝန်ယူ၍ ဇွန်လတတိယပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေထံမှ သိရသည်။ **ဇင်မာ**

# မြောင်းမြမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇွန်လအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မြောင်းမြ ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ဇွန်လအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ် ဆန်၊ စပါး၊ ဖွဲ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်မော်က ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ မေလအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဖွဲနုများသည် ပြည်တွင်း၌ ငါးစာ၊ ကြက်စာ၊ ဝက်စာ၊ ဘဲစာ စသည့်မွေးမြူရေးလုပ်ငန်းသုံးအစာအဖြစ် အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

"ဇွန်လအတွင်း ၂၄ ပြည်ဝင် ဖွဲနုအိတ်ရေ ၇၅၀၀၀ ထိ ရန်ကုန်စျေးကွက်ကိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဖွဲနုက စပါးကြိတ်ခွဲရင် ထွက်လာတဲ့ ကုန်ကြမ်းတစ်ခုပါ။ ပြည်တွင်းမှာ တိရစ္ဆာန်အစာအဖြစ် အသုံးပြုတာများပါတယ်။ ပြည်ပစျေးကွက်လဲရှိတယ်။ လက်ရှိ စပါးသစ်ပေါ်တာ နည်းနေသေးတော့ ဖွဲနုလဲအထွက်နည်းနေပါတယ်။ လက်ရှိ ဇူလိုင်လထဲမှာလဲ ဖွဲနုအိတ်တွေ ရန်ကုန်စျေးကွက်ကနေ ဝယ်ယူမှုများနေပါတယ်။ မွေးမြူရေးလုပ်ငန်းတွေ လည်ပတ်လုပ်ကိုင်နေတာကြောင့် ရန်ကုန်စျေးကွက်ကနေ အခုလိုဖွဲနုအိတ်တွေ မှာယူအားကောင်းလာတာပါ။ ဖွဲနုတွေ အရောင်းအဝယ် ကောင်းလာတော့ လယ်သမားတွေ၊ စက်သမားတွေ အလုပ်တွေ အဆင်ပြေပြေလည်ပတ်ရတာပေါ့" ဟု မြောင်းမြမြို့နယ် ဆန်၊ စပါး၊ ဖွဲ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်မော်က ပြောပြသည်။

မြောင်းမြမြို့နယ်မှ ထွက်ရှိသည့် ဖွဲနုများကို ဒေသမွေးမြူရေးလုပ်ငန်းရှင်များက အများဆုံးဝယ်ယူလျက်ရှိသည့်အပြင် ရန်ကုန်စျေးကွက်သို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဖွဲနု ၁၀ အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀ ထိ ပေါက်စျေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ရတနာပုံခေတ် ဇေတဝန်ရာဇဝင်တော်ကြီး

ဗိုလ်ရှိတ်(ရတနာပူရ)

မင်းတုန်းမင်းသည် နန်းတက်ပြီး ၁၅ နှစ်ခန့် အကြာတွင် ရာဇဝင်ကြီးတစ်စောင်ရေးရန် ပညာရှိကြီးငါးဦး ပါဝင်သောအဖွဲ့ကိုဖွဲ့၍ ရေးခိုင်းခဲ့သည်။ ထိုရာဇဝင်မှာ ဒုတိယမဟာရာဇဝင်တော်ကြီးဟု ခေါ်သည့် ဇေတဝန်မဟာရာဇဝင်တော်ကြီးပင် ဖြစ်သည်။ ရာဇဝင်တော်ကြီး၏အမည်မှာ ဒုတိယမဟာရာဇဝင်တော်ကြီးဖြစ်သည်။ သို့သော် ရာဇဝင်တော်ကြီးရေးသည့်နေရာဖြစ်သော ရွှေနန်းတော်အတွင်း ဇေတဝန်အဆောင်တော်ကို အစွဲပြုပြီး ဇေတဝန်မဟာရာဇဝင်တော်ကြီးဟု ခေါ်ကြခြင်းဖြစ်သည်။ ဇေတဝန်မဟာရာဇဝင်တော်ကြီးရေးသားရသည့်အကြောင်းကို ဇေတဝန်မဟာရာဇဝင်တော်ကြီး နိဂုံး၌ "ရတနာပူရစတုတ္ထမြို့တည်နန်းတည် ဘကြီးတော်မင်းတရားကြီးလက်ထက် အမိန့်တော်မြတ်နှင့် စီကုံးရေးသားသည့် မှန်နန်းရာဇဝင်တော်သည် ကပ်ဦးမဟာသမ္မတမင်းမြတ်မှ ဘကြီးတော်မင်းတရားကြီးလက်ထက် ၁၁၈၃ ခုနှစ် နတ်တော်လတိုင်သာ ရေးသား၍ရှိသည်။ ၎င်းဘကြီးတော်မင်းတရားကြီးလက်ထက် ၁၁၈၃ ခုနှစ်ကစ၍ မဟာရာဇဝင်တော်ဆက်လက်ရေးသားစေ။ ဘကြီးတော်မင်းတရားကြီးလက်ထက်ရေးသားသော မဟာရာဇဝင်တော်ကို ပထမမဟာရာဇဝင်တော်ကြီး၊ ငါ့ရွှေလက်ထက်တော်ရေးသားသော မဟာရာဇဝင်တော်ကို ဒုတိယမဟာရာဇဝင်တော်ကြီးတွင်စေ"ဟူ၍ ဖော်ပြထားသည်။

အထက်ပါအမိန့်တော်အရ ဇေတဝန်မဟာရာဇဝင်တော်ကြီးကို မင်းတုန်းမင်း၏ အမိန့်တော်နှင့် ရေးသားရကြောင်း ထင်ရှားလှသည်။ ရေးသားရသည့် အကြောင်းမှာလည်း ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်ရေးသားသည့် မှန်နန်းမဟာရာဇဝင်တော်ကြီးသည် ၁၁၈၃ ခုနှစ် နတ်တော်လတိုင်သာ အဆုံးသတ်ထားသဖြင့် နောက်ပိုင်းမင်းများအကြောင်း သိစေရန် ရေးသားခိုင်းခြင်းဖြစ်သည်။ မှန်နန်းမဟာရာဇဝင်တော်ကြီးကို ပထမ မဟာရာဇဝင်တော်ကြီးဟု ခေါ်ရမည်ဖြစ်ပြီး သူ့လက်ထက်ရေးသားသော ရာဇဝင်တော်ကို ဒုတိယမဟာရာဇဝင်တော်ကြီးဟု ခေါ်တွင်ရမည်ဖြစ်ကြောင်းလည်း အမိန့်တော်တွင်ပါသည်။

**ရာဇဝင်ပြုစုရေးအဖွဲ့**

မင်းတုန်းမင်းလက်ထက် ဖွဲ့စည်းပေးခဲ့သော ဇေတဝန်မဟာရာဇဝင်တော်ကြီး ပြုစုရေးအဖွဲ့ဝင်ငါးဦးမှာ ကန္နီအတွင်းဝန်ကြီး မဟာမင်းခေါင်သင်္ခယာ၊ ခင်မမင်းဝန် မိုင်းခိုင်းမြို့စား ပိဋကတ်တော်အုပ် မဟာသီရိဇေယျသူ၊ အိမ်ရှေ့အတွင်းဝန် မဟာမင်းလှသင်္ခယာ၊ စာရေးကြီးမင်းလှဇေယသူ၊ စာရေးတော်ခေါင်း နေမျိုးစည်သူရာဇာတို့ဖြစ်သည်။ ထိုအဖွဲ့သည် မြန်မာမင်းများလက်ထက်တွင် ဖွဲ့စည်းခဲ့သော သမိုင်းပြုစုရေးအဖွဲ့များတွင် ဒုတိယမြောက်အဖွဲ့ဖြစ်သည်။ ထိုအဖွဲ့သည် ဇေတဝန်မဟာရာဇဝင်တော်ကြီးကို သက္ကရာဇ် ၁၂၂၉ ခုနှစ် တော်သလင်းလဆန်း ၅ ရက် (၁၈၆၇ ခုနှစ် စက်တင်ဘာ ၂ ရက်)ကစ၍ ရတနာပုံနေပြည်တော် မှန်နန်းတော်ရှေ့ဇေတဝန်ဆောင်တော် အတွင်း၌ ရေးသားခဲ့သည်။

**ပြုစုခဲ့သည့်တွဲရေ**

ဇေတဝန်မဟာရာဇဝင်တော်ကြီး ပြုစုရေးအဖွဲ့သည် ဇေတဝန်မဟာရာဇဝင်တော်ကြီးကို ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် ၁၁၈၃ ခုနှစ်မှစ၍ မင်းတုန်းမင်းလက်ထက် ၁၂၁၆ ခုနှစ်ထိ အဖြစ်အပျက်များကို ရေးသားခဲ့သည်။ နှစ်ပေါင်း ၃၃ နှစ်တာကာလအတွင်း အဖြစ်အပျက်များဟု ဆိုနိုင်သည်။ ဇေတဝန်မဟာရာဇဝင်တော်ကြီးသည် အတွဲရေ ၁၀ တွဲပါရှိသည်။ ကျမ်းပြီးနိဂုံး၌ "ရွှေနန်းတော်မှန်နန်းတော်ကြီးရှေ့ ဇေတဝန်ဆောင်တော်တွင် ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိတို့နှင့်တိုင်ပင်ညှိနှိုင်း၍ ပညာရှိ မှူးတော်၊ မတ်တော်တို့ ကြီးကြပ်စီကုံးရေးသားသည့် ဒုတိယမဟာရာဇဝင်တော်ကြီး ပထမထုပ်တွဲရေ ၁၀ များသည် ဤတွင်ရွှေကမ္ဗတ်အပြီးအဆုံးသို့ ရောက်သတည်း"ဟူ၍ ဖော်ပြထားသည်။

**❖ဇေတဝန်မဟာရာဇဝင်တော်ကြီးပြုစုရေးအဖွဲ့သည် ဇေတဝန်မဟာရာဇဝင်တော်ကြီးကို ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် ၁၁၈၃ ခုနှစ်မှစ၍ မင်းတုန်းမင်းလက်ထက် ၁၂၁၆ ခုနှစ်ထိ အဖြစ်အပျက်များကို ရေးသားခဲ့သည်။ နှစ်ပေါင်း ၃၃ နှစ်တာကာလအတွင်း အဖြစ်အပျက်များဟု ဆိုနိုင်သည်။ ဇေတဝန်မဟာရာဇဝင်တော်ကြီးသည် အတွဲရေ ၁၀ တွဲပါရှိသည်။ ကျမ်းပြီးနိဂုံး၌ "ရွှေနန်းတော်မှန်နန်းတော်ကြီးရှေ့ ဇေတဝန်ဆောင်တော်တွင် ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိတို့နှင့်တိုင်ပင်ညှိနှိုင်း၍ ပညာရှိ မှူးတော်၊ မတ်တော်တို့ ကြီးကြပ်စီကုံးရေးသားသည့် ဒုတိယမဟာရာဇဝင်တော်ကြီး ပထမထုပ်တွဲရေ ၁၀ များသည် ဤတွင်ရွှေကမ္ဗတ်အပြီးအဆုံးသို့ ရောက်သတည်း"ဟူ၍ ဖော်ပြထားသည်။ ❖**

ယခုပုံနှိပ်မှုဖြင့်ရှိနေသော ဇေတဝန်မဟာရာဇဝင်တော်ကြီးသည် ၁၂၁၆ ခုနှစ် ကဆုန်လတွင် မင်းတုန်းမင်းက ညီနောင်ကနောင်မင်းသားနှင့် မင်းညီမင်းသားများ၊ ဝန်ကြီးများ၊ အတွင်းဝန်များကို အစီးအနင်းအဆောင်အယောင်ချီးမြှင့်သည့် အခမ်းအနားတွင် အဆုံးသတ်ထားသည်။

ဤတွင်ပြဿနာတစ်ရပ်ပေါ်လာသည်။ ဇေတဝန်မဟာရာဇဝင်တော်ကြီးသည် ၁၂၁၆ ခုနှစ်တွင် အဆုံးသတ်၊ မသတ်ဟူသော ပြဿနာပင်ဖြစ်သည်။ ထိုအချက်ကိုသတိပြုမိသည်မှာ မိုင်းခိုင်းမင်းကြီး ပိဋကတ်တော်အုပ် ဦးယမ်၏ ပိဋကသုံးပုံစာတမ်းလာ မှတ်တမ်းကြောင့်ဖြစ်လေသည်။ ပိဋကသုံးပုံစာတမ်း၌ ဇေတဝန်မဟာရာဇဝင်တော်ကြီးအကြောင်းကို "သက္ကရာဇ် ၁၁၈၃ ခုနှစ် နတ်တော်လ မဇ္ဈိမဒေသ မဟာဗောဓိပင် အထူးထူးသော အတင်တော်၊ အလှူတော်များနှင့်တကွ စေလွှတ်တင်လှူသည့်အခန်းကစ၍ သက္ကရာဇ် ၁၂၃၁ ခုနှစ် ကဆုန်လ သားတော်မြင်ကွန်းစား ငွေတောင် နောင်ပုလဲအရပ်က ထွက်ပြေးသည့်အခန်းတိုင် စီကုံးရေးသားပြီးရှိသည်ကို ပေတင်ရာ သက္ကရာဇ် ၁၂၁၆ ခုနှစ် ဥကင်တော်ဖွင့်အခန်းတိုင် ပထမထုပ်တွဲရေ ၇၊ ဒုတိယထုပ်တွဲရေ ၃၊ ၂ စုတွဲရေ ၁၀၊ စာအင်္ဂါ ၂၆ အင်္ဂါကျော်ရှိသည်"ဟူ၍ ဖော်ပြထားသည်။

မိုင်းခိုင်းမင်းကြီးဦးယမ်၏ မှတ်တမ်းအရ ဇေတဝန်မဟာရာဇဝင်တော်ကြီးသည် ၁၂၁၆ ခုနှစ် ကဆုန်လတွင် အဆုံးမသတ်ဘဲ ၁၂၃၁ခုနှစ် ကဆုန်လတိုင် ရေးသားပြီးစီးခဲ့သည်ဟု ဆိုရပေမည်။ ဤကွာခြားချက်သည် သတိပြုရမည့်အချက်တစ်ချက်ပင်ဖြစ်သည်။ ဇေတဝန်မဟာရာဇဝင်တော်ကြီးကို ၁၂၁၆ ခုနှစ် ကဆုန်လတိုင်သာ အပြီးသတ်ခဲ့သည့်အကြောင်းကို ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး တတိယတွဲ၌ပါသည့် ဝက်မစွတ်မြို့စား မင်းထင်မဟာစည်သူဘွဲ့ရ ဦးလတ်၏ နိဒါန်းစကားတွင်လည်း တွေ့နိုင်သည်။ ထိုသို့ဆိုလျှင် ဇေတဝန်မဟာရာဇဝင်တော်ကြီးသည် ၁၂၁၆ ခုနှစ် ကဆုန်လတွင် အပြီးသတ်သည်။ ၁၂၃၁ ခုနှစ် ကဆုန်လတွင် အပြီးသတ်သည်ဟု အဆိုအမိန့်နှစ်ခုကွဲနေသည်ကို တွေ့ရသည်။ မည်သည့်အဆိုကမှန်သည်ကို လေ့လာကြရန်လိုသည်။

ကျွန်တော့်အယူအဆပြောရလျှင် မိုင်းခိုင်းမင်းကြီးဦးယမ်၏ အဆိုအမိန့်က မှန်သည်ဟုယူဆသည်။ အဘယ်ကြောင့်ဆိုသော် မိုင်းခိုင်းမင်းကြီး ဦးယမ်သည် ဇေတဝန်မဟာရာဇဝင်တော်ကြီး ပြုစုရေးအဖွဲ့ဝင်ငါးဦးတွင် တစ်ဦးအပါအဝင်ဖြစ်သောကြောင့်ဖြစ်သည်။ မိုင်းခိုင်းမင်းကြီး ဦးယမ်သည် သူကိုယ်တိုင်ရေးခဲ့သော ရာဇဝင်တော်ကြီးကို မည်သည့်အချိန်ကာလထိရေးခဲ့သည်ကို သူသာလျှင်အသိဆုံးဖြစ်ပေမည်။ ထို့ကြောင့်လည်း ဇေတဝန်မဟာရာဇဝင်တော်ကြီးတွဲရေ မည်ရွေ့၊ မည်မျှရှိသည်ကို ပေအင်္ဂါအရေအတွက်နှင့်တကွ ပိဋကသုံးပုံစာတမ်း၌ ရှင်းရှင်းလင်းလင်းရေးသားခဲ့ခြင်းဖြစ်သည်။

**ဆရာကြီးဖေယျ၏ အမှာစကား**

ထိုအချက်ကို ဆရာကြီးဖေယျသည်လည်း တွေ့မြင်ခဲ့သည်။ ထို့ကြောင့် ဆရာကြီးက "ဦးမောင်မောင်တင် စီရင်ရေးသားသော ရာဇဝင်အပိုင်း၊ ဝက်မစွတ်ဝန်ထောက်ကြီးစီရင်ရေးသားသော နိဒါန်း၌လည်းကောင်း၊ မင်းတုန်းမင်းတရားကြီးလက်ထက် ရေးသားသော ရာဇဝင်အပိုင်း၊ ဝက်မစွတ်ဝန်ထောက်ကြီးစီရင်ရေးသားသော ဒုတိယမဟာရာဇဝင်တော်ကြီးမှာ သက္ကရာဇ် ၁၂၁၆ ခုနှစ်တိုင်ရှိသာ ရေးသားပြီးပြေကြောင်းထွက်ဆိုရာ ၁၂၃၁ ခုနှစ် ငွေတောင် နောင်ပုလဲမှ မြင်ကွန်းကိုယ်တော်ကြီး ထွက်ခွာသွားသည်ထိဖြစ်သည်ဆိုသောစကားနှင့် မကိုက်မညီဖြစ်နေပေသည်။ ၁၂၃၁ ခုနှစ်ထိရေးသည်ဆိုသော ဒုတိယစကားမှာ ဒုတိယမဟာရာဇဝင်တော်ကြီးကို ရေးသားရာ၌ ပါဝင်သော ပိဋကတ်တော်အုပ် မိုင်းခိုင်းမြို့စား မင်းကြီးမဟာသီရိဇေယျသူကိုယ်တိုင် စီရင်ရေးသား၍။ ၁၂၅၀ ပြည့်နှစ် နတ်တော်လဆန်း ၁၁ ရက်နေ့တွင်ပြီးစီးသော ပိဋကသုံးပုံစာတမ်း၌ ဖော်ပြထားသည့်အတိုင်း ဖြစ်ပေသည်။ ဤကဲ့သို့ ပညာရှိနှစ်ဦး အဆိုနှစ်ပြင် ကွဲပြားကြသည်ကို ထပ်မံထောက်လှမ်းစုံစမ်းဆင်ခြင်ဖွယ်ရှိပေသေးသည်"ဟူ၍ သုံးသပ်အမှာစကား ပြောကြားထားပေသည်။

**ပုံနှိပ်မှု**

ဇေတဝန်မဟာရာဇဝင်တော်ကြီးကို မန္တလေးမြို့ မန္တလေးတိုင်း သတင်းစာပုံနှိပ်တိုက်က ၁၂၆၀ ပြည့်နှစ် (၁၈၉၉ ခုနှစ်)နှောင်းတန်ခူးလတွင် စတင်ပုံနှိပ်ထုတ်ဝေခဲ့သည်။ အုပ်ရေ ၁၀၀၀ မျှ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ဆရာကြီးဖေယျက ထိုစာအုပ်၏ အရွယ်အစားကို "ပုံနှိပ်ရှိုင်ဆိုက်ကြီး၊ စာမျက်နှာ ၄၈၆၊ စာကြောင်းရေ ၁၄၀၀၀ ကျော်ရှိလေသည်"ဟု တိတိကျကျမှတ်တမ်းတင်ထားသည်။ ယခုအခါတွင် ဇေတဝန်မဟာရာဇဝင်တော်ကြီးကို စိတ်ကူးချိုချိုစာအုပ်တိုက်၊ ပန်းရွှေပြည်စာအုပ်တိုက်တို့က ပြန်လည်ရိုက်နှိပ်ထုတ်ဝေထားသည်ကို တွေ့ရသည်။

ဇေတဝန်မဟာရာဇဝင်တော်ကြီးကို ထိုကဲ့သို့ သီးခြားစာအုပ်အဖြစ် ၁၂၆၀ ပြည့်နှစ်က ရိုက်နှိပ်ထုတ်ဝေခဲ့သော်လည်း အခြားစာအုပ်တစ်အုပ်အတွင်းသို့ ပေါင်းစပ်ပါဝင်သွားသည်ကိုလည်း တွေ့ရသည်။ ဇေတဝန်မဟာရာဇဝင်တော်ကြီး ပေါင်းစပ်ပါဝင်သွားသည့်စာအုပ်မှာ ဦးမောင်မောင်တင်(K.S.M. A.T.M) ပြုစုသည့် ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးအတွင်းသို့ဖြစ်ပေသည်။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးကို ဝင်မြိုင်ခင်လေးက ၁၂၆၇ ခုနှစ်တွင် မန္တလေးတိုင်းသတင်းစာပုံနှိပ်တိုက်၌ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုစာအုပ်ကြီးမှာ စာမျက်နှာ ၁၇၀၀ ခန့်ပါရှိပြီး အလွန်ထူလှသည်။ တစ်အုပ်တည်းဖြစ်သောကြောင့် စာမျက်နှာထိုမျှထိ ရှိခဲ့ခြင်းဖြစ်သည်။ ဇေတဝန်မဟာရာဇဝင်တော်ကြီးသည် ၁၂၆၇ ခုနှစ်ကတည်းကစ၍ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးအတွင်းသို့ ရောက်ရှိသွားခဲ့ခြင်းဖြစ်သည်။ ၁၂၈၄ (၁၉၂၂)ခုနှစ်တွင် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးကို ပြန်လည်ပုံနှိပ်ထုတ်ဝေရာတွင် သုံးအုပ်ခွဲ၍ ထုတ်ဝေခဲ့သည်။ မန္တလေးမြို့ ဟံသာဝတီပုံနှိပ်တိုက်က ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးသည် ရာပြည့်စာအုပ်တိုက်က ၂၀၀၄ ခုနှစ် ဩဂုတ်လ (ပထမအုပ်)၊ စက်တင်ဘာလ(ဒုတိယအုပ်)၊ အောက်တိုဘာလ(တတိယအုပ်)ဟူ၍ ထုတ်ဝေခဲ့သည်။ ထိုမှု အရပြောရမည်ဆိုလျှင် မင်းတုန်းမင်းလက်ထက် ပြုစုခဲ့သော ဇေတဝန်မဟာရာဇဝင်တော်ကြီးသည် ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး ဒုတိယအုပ် စာမျက်နှာ ၂၂၅ မှ တတိယအုပ် စာမျက်နှာ ၁၃၆ ထိသည် ဇေတဝန်မဟာရာဇဝင်တော်ကြီးပင် ဖြစ်လေသည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၁၄၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၅၁၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၇၆၉၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၅၁၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ပဲတီစိမ်း ဧက ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၅၁၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ပဲတီစိမ်း တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

## မြန်အောင်မြို့နယ်တွင် ပလာတူးငါးများ အရောင်းအဝယ်ကောင်းမွန်နေ

**မြန်အောင် ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ပလာတူးငါးများ ဈေးကွက်အတွင်းအရောင်းအဝယ် ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လင်းထွေးက ပြောပြ၍ သိရသည်။



မြန်အောင်မြို့နယ်တွင် ယခုနှစ် ဇူလိုင်လဒုတိယပတ်မှစပြီး ယနေ့ထိ ပလာတူးငါးများ ဝယ်လိုအားကောင်းနေပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ပလာတူးငါး တစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀၀ မှ ၁၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခုလထဲမှာ ပလာတူးငါးတွေ အဝယ်လိုက်နေပါတယ်။ ဒေသဈေးကွက်မှာ အခြားရေထွက်ကုန်တွေနဲ့ ယှဉ်တဲ့အခါ ပလာတူးငါးက အရောင်းအဝယ်ပိုကောင်းနေပါတယ်။ ပြည်တွင်းစားသုံးမှုလဲ များနေပါတယ်။ ငါးဈေးကလဲ သင့်တင့်တဲ့နှုန်းထားဖြစ်ပါတယ်။ အခု အရောင်းအဝယ်တွေ ပုံမှန်ထက် ပိုမိုအရောင်းအဝယ်သွက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင်အခွင့်အလမ်းအဆင်ပြေနေပါတယ်"ဟု မြန်အောင်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လင်းထွေးက ပြောပြသည်။

မြန်အောင်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ပလာတူးငါးအပါအဝင် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများကိုဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးပြီး ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## တန်ဖိုးဖြတ်မရ စိတ်ထားအလှ

– ကိုယ်ချင်းစာ မေတ္တာပွား
အပြစ်အနာများ အဝေးဖယ်၊
လူနှင့်လူ လူသားချင်းကို
ရိုင်းပင်းကူကွယ်၊
မွန်မြတ်သော စိတ်ဓာတ်ရယ်
ရင်တွင်းဝယ် စိုက်ထူပျိုး၊
ပရအကျိုးကို ရည်မှန်းလျက်
ထမ်းရွက်သယ်ပိုး။

– စိတ်စေတနာ ဘဝင်မညှိုး
အစဉ်ဖြိုး လှစေအမှန်၊
ကောင်းရာကို တွေးကြံလျက်
ရှေ့ဆက်ရှင်သန်၊
ရိုးသားမနေး လှူရပ်ထံ
အကောက်ဉာဏ် ပယ်ဖျက်ရှင်း၊
အတ္တမာန် မထောင်လွှားနဲ့
ရှောင်ရှားစေမင်း။

– လူတိုင်းအပေါ် အမုန်းကင်း
နှလုံးသွင်း ဖြောင့်မှန်လေ၊
ဒုက္ခရောက်သူ ဖေးကူမ
လမ်းပြစဉ်ပေ၊
သစ္စာကတိ စောင့်ထိန်းမသွေ
အေးငြိမ်းစေ ဘဝလမ်း၊
ရတနာ လူသားအဖြစ်ကို
ထုဆစ်လျှောက်လှမ်း။ ။

**လမင်းခန့်(ပညာရေး)**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



**ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်**



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

# နိုင်ငံတကာ သတင်းများ

## တရုတ်နှင့် ရုရှားနိုင်ငံတို့က ဩဂုတ် ၁ ရက်မှ ၅ ရက်ထိ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှု ပြုလုပ်မည်



**ပေကျင်း ဇူလိုင် ၂၀**

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ဩဂုတ် ၁ ရက်မှ ၅ ရက်ထိ ပူးတွဲ ရေတပ်စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဂျိုင်းဆီး ၂၀၂၅ အမည်ရှိ အဆိုပါ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုပြုလုပ်မည့် အစီအစဉ်ကို တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် အတည်ပြုကြေညာထားသည်။

ဂျိုင်းဆီး ၂၀၂၅ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုကို ရုရှားနိုင်ငံ ဗလာဒီမာ ဗော့စတော့မြို့အနီး ဝေဟင်နှင့် ရေပြင်များ၌ပြုလုပ်ရန် တရုတ်နှင့် ရုရှားရေတပ်တို့က စီစဉ်ထားသည်။

ရုရှားနှင့် တရုတ်ရေတပ်တို့သည် ဂျိုင်းဆီး ၂၀၂၄ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုကို တရုတ်နိုင်ငံ တောင်ပိုင်း တောင်တရုတ်ပင်လယ်ရေပြင်အတွင်း ပြုလုပ်ခဲ့ကြသည်။

ပြီးခဲ့သည့် နှစ်များအတွင်း တရုတ်နှင့် ရုရှားအစိုးရတို့ကြား နှစ်နိုင်ငံဆက်ဆံရေးမှာ ပိုမိုအားကောင်းခိုင်မာလာခဲ့သည်။

ယူကရိန်း ပဋိပက္ခကြောင့် အနောက်အုပ်စု၏ စီးပွားရေးအရေးယူပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရသည့် ရုရှားနိုင်ငံအတွက် တရုတ်နိုင်ငံသည် အဓိက စီးပွားရေး မိတ်ဖက်နိုင်ငံဖြစ်ကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**

## မော်လ်တာနိုင်ငံက ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုမည်

**ဗယ်လက်တာ ဇူလိုင် ၂၀**

ယခုနှစ် စက်တင်ဘာလအတွင်း အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပါလက်စတိုင်းကို လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ်ကြေညာရန် မော်လ်တာနိုင်ငံက စီစဉ်ထားကြောင်း ဇူလိုင် ၂၉ ရက်တွင် ဖော်ပြခဲ့သည်။

ယခုနှစ်ကုလသမဂ္ဂအထွေထွေညီလာခံ၌ ပါလက်စတိုင်းဒေသကို လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုမည့် အစီအစဉ်ကို မော်လ်တာဝန်ကြီးချုပ် ရောဘတ်အာဘီလာက အတည်ပြုထားသည်။

ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုရန် စီစဉ်ထားကြောင်း ဗြိတိန်ဝန်ကြီးချုပ် ကီရာစတန်မာက ကြေညာခဲ့ပြီး နာရီအနည်းငယ်အကြာမှာပင် မော်လ်တာဝန်ကြီးချုပ်၏ အတည်ပြုကြေညာချက် ထပ်မံပေါ်ထွက်လာခြင်းဖြစ်သည်။

ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မော်လ်တာနိုင်ငံသည် သမိုင်းကြောင်းအရ ပါလက်စတိုင်း လွတ်လပ်ရေးကို ထောက်ခံအားပေးသည့် နိုင်ငံဖြစ်သည်။

ဥရောပနိုင်ငံများအနက် အိုင်ယာလန်၊ နော်ဝေနှင့် စပိန်နိုင်ငံတို့က ယခုနှစ်မေလအတွင်း ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုထားပြီးဖြစ်ကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

## ယူကရိန်းကြည်းတပ်၏ လေ့ကျင့်ရေးသင်တန်းကျောင်းတစ်ခုကို အစ်ကန်ဒါးဒုံးကျည်များဖြင့် ရုရှားတိုက်ခိုက်

**မော်စကို ဇူလိုင် ၂၀**

ယူကရိန်းကြည်းတပ်၏ လေ့ကျင့်ရေး သင်တန်းကျောင်းတစ်ကျောင်းကို ရုရှားတပ်များက ဇူလိုင် ၂၉ ရက်တွင် ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။



ရုရှားတပ်များ၏ အဆိုပါတိုက်ခိုက်မှုကြောင့် ယူကရိန်းတပ်ဖွဲ့ဝင် ဦးရေ ၂၀၀ ခန့် သေဆုံး သို့မဟုတ် ဒဏ်ရာများရရှိခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ချာနီဟစ်ဒေသရှိ ယူကရိန်းတပ်မတော်၏ အမှတ် ၁၆၉ လေ့ကျင့်ရေး သင်တန်းကျောင်းကို အစ်ကန်ဒါး ဒုံးကျည်နှစ်စင်းဖြင့် ရုရှားတပ်များက တိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ရုရှား၏ အဆိုပါတိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင် သုံးဦး သေဆုံးပြီး ၁၉ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း ယူကရိန်းစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

ရုရှားတပ်များသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလကလည်း ယူကရိန်းစစ်ဘက် လေ့ကျင့်ရေးသင်တန်းကျောင်းတစ်ခုကို ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ရာ ယူကရိန်းတပ်ဖွဲ့ဝင် ဦးရေ ၅၀ ကျော် သေဆုံး၍ ဦးရေ ၂၀၀ ကျော် ဒဏ်ရာများ ရရှိခဲ့ဖူးသည်။

လက်ရှိအချိန်တွင် မိုင် ၈၀၀ ကျော်ရှည်လျားသည့် ယူကရိန်းရှေ့တန်းမျဉ်းတစ်လျှောက်၌ ရုရှားတပ်များက စစ်ရေးအရ အသာစီးရယူထားဆဲဖြစ်ကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**

## ကမ္ဘောဒီးယားတပ်များက အပစ်အခတ်ရပ်စဲရေးကို ထပ်မံချိုးဖောက်ကြောင်း ထိုင်းတပ်မတော်သတင်းထုတ်ပြန်

**ဘန်ကောက် ဇူလိုင် ၃၀**

ကမ္ဘောဒီးယားတပ်များအနေဖြင့် ယနေ့တွင် ပိုင်ဆိုင်ခွင့်အငြင်းပွားနယ်စပ်တစ်လျှောက် နေရာသုံးနေရာတို့၌ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်ခဲ့ကြောင်း ထိုင်းတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ကမ္ဘောဒီးယားတပ်များအနေဖြင့် ရန်စမှုများထပ်မံပြုလုပ်နေပါက မိမိတို့အနေဖြင့် ပြတ်ပြတ်သားသား တုံ့ပြန်မည်ဖြစ်ကြောင်း ထိုင်းတပ်မတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ကမ္ဘောဒီးယားတပ်များသည် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကိုယနေ့တွင် ဒုတိယအကြိမ် ချိုးဖောက်ခဲ့ခြင်းဖြစ်ကြောင်း ထိုင်းကြည်းတပ် ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားထားသည်။

ဒီဇင်ဘာ ၂၄ ရက်တွင် စတင်ခဲ့သောနယ်စပ်ပဋိပက္ခများကို အဆုံးသတ်ရေးအတွက် ထိုင်းနှင့် ကမ္ဘောဒီးယား ခေါင်းဆောင်များသည် ဇူလိုင် ၂၈ ရက်က မလေးရှားနိုင်ငံ၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး အပစ်အခတ်ရပ်စဲရန် သဘောတူခဲ့ကြသည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ချိုးဖောက်မှုနှင့် ပတ်သက်၍ ထိုင်းနိုင်ငံ၏စွပ်စွဲချက်များကို ကမ္ဘောဒီးယားအစိုးရက ငြင်းပယ်ထားသည်။

ငါးရက်ကြာ နယ်စပ်တိုက်ပွဲများအတွင်း ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်ဖက်ပြည်သူ အနည်းဆုံး ၄၃ ဦး သေဆုံး၍ နယ်စပ်နေပြည်သူဦးရေ ၃၀၀၀၀၀ ကျော် အိုးအိမ်များစွန့်ခွာ၍ ထွက်ပြေးခဲ့ကြရကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**



## ဩစတြေးလျနိုင်ငံက ဆယ်ကျော်သက်များသုံးစွဲခွင့်မရှိသည့် လူမှုကွန်ရက်များစာရင်း၌ YouTube ကိုပါ ထည့်သွင်းမည်

**ဆစ်ဒနီ ဇူလိုင် ၃၀**

ဆယ်ကျော်သက်များ အသုံးပြုခွင့်ပိတ်ပင်ထားသော လူမှုကွန်ရက် အက်ပလီကေးရှင်းများ စာရင်းတွင် YouTube ကိုပါ ဩစတြေးလျအစိုးရက ထပ်မံထည့်သွင်းမည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြထားသည်။

ယခုနှစ် ဒီဇင်ဘာလမှစ၍ YouTube ကို ဆယ်ကျော်သက်များ သုံးစွဲခွင့်မရှိသည့် လူမှုကွန်ရက် အက်ပလီကေးရှင်းများစာရင်း၌ စတင်ထည့်သွင်းမည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီယို အယ်လ်ဘာနီစီက ယနေ့တွင် ကြေညာထားသည်။

ဩစတြေးလျအစိုးရသည် မူလက YouTube ကို ဆယ်ကျော်သက်များကြည့်ရှုခွင့်မရှိသည့် အက်ပလီကေးရှင်းများစာရင်းမှ ကင်းလွတ်ခွင့်ပေးထားသော်လည်း ၎င်းဆုံးဖြတ်ချက်ကိုပြောင်းလဲ၍ YouTube ကိုလည်း ဆယ်ကျော်သက်များသုံးစွဲခွင့်မရှိသည့် လူမှုကွန်ရက် အက်ပလီကေးရှင်းအဖြစ် စာရင်းသွင်းရန် စီစဉ်ထားခြင်းဖြစ်သည်။

YouTube သည် အသက် ၁၃ နှစ်နှင့် ၁၅ နှစ်ကြား ဩစတြေးလျ ဆယ်ကျော်သက် လေးပုံ သုံးပုံနီးပါး အသုံးပြုနေသော လူမှုကွန်ရက် အက်ပလီကေးရှင်းတစ်ခုဖြစ်သည်။

ဩစတြေးလျ အစိုးရ၏ ဆုံးဖြတ်ချက်ကို YouTube ကုမ္ပဏီက ဥပဒေကြောင်းအရ ပြန်လည်တုံ့ပြန်နိုင်ဖွယ်ရှိသည်။

YouTube သည် အမေရိကန်နိုင်ငံ အခြေစိုက် အယ်လ်ဖာဘတ်ကုမ္ပဏီ၏ လုပ်ငန်းခွဲတစ်ခုဖြစ်ကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## Owl အာရုံခံစနစ်ဂြိုဟ်တုကို ဘလူးရင်းအာကာသယာဉ်ဖြင့် လွှတ်တင်ပေးမည်



ဝါရှင်တန် ဇူလိုင် ၃၀

စကောက်စပေ့စ် အာကာသနည်းပညာကုမ္ပဏီ၏ Owl အမည်ရှိ အာရုံခံစနစ်ဂြိုဟ်တုကို ဘလူးရင်းအာကာသယာဉ်ဖြင့် လွှတ်တင်ပေးမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံအခြေစိုက် ဘလူးအော်ရီဂျင်ကုမ္ပဏီက ဇူလိုင် ၂၉ ရက်တွင် ကြေညာထားသည်။

ဘလူးရင်း အာကာသယာဉ်သည် ဂြိုဟ်တု ၁၃ စင်းထိ သယ်ဆောင်၍ လိုရာပတ်လမ်းများပေါ်သို့ ပို့ဆောင်ပေးမည့် ဂြိုဟ်တုပို့ဆောင်ရေးယာဉ် ဖြစ်ကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ဘလူးရင်း အာကာသယာဉ်ကို ၂၀၂၆ ခုနှစ် နွေဦးရာသီတွင် New Glenn ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားသည်။

လွှတ်တင်ပြီးပါက ဘလူးရင်း အာကာသယာဉ်သည် Owl အာရုံခံစနစ်ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော် အကွာတွင်ရှိသည့် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

Owl အာရုံခံစနစ်ဂြိုဟ်တုသည် ဂြိုဟ်တုနှင့်အာကာသအမှိုက်များ အပါအဝင် ကမ္ဘာပတ်လမ်းပေါ်ရှိ အရာဝတ္ထုများကို ခြေရာခံစောင့်ကြည့်ပေးသည့် ဂြိုဟ်တုစနစ်ဖြစ်ကြောင်း သိရသည်။

ဘလူးရင်းဂြိုဟ်တု သယ်ယူပို့ဆောင်ရေး အာကာသယာဉ်သည် အလေးချိန် ကီလိုဂရမ် ၄၀၀၀ ထိ သယ်ဆောင်နိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း၌ တူးဖော်တွေ့ရှိ


ပေကျင်း ဇူလိုင် ၃၀

ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို သိပ္ပံပညာရှင်များက တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း၌ တူးဖော်တွေ့ရှိထားကြောင်း ဇူလိုင် ၂၉ ရက် သတင်းများအရ သိရသည်။

Pulaosaurus Qinglong ဟူ၍ အမည်ပေးထားသည့် အဆိုပါ ဒိုင်နိုဆောသည် ကိုယ်ထည်အလျား ၂ ဒသမ ၄ ပေရှိပြီး ခြေနှစ်ချောင်းဖြင့် သွားလာနိုင်သည့် အသီးအရွက်စား ဒိုင်နိုဆောတစ်မျိုးဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

Pulaosaurus Qinglong ဒိုင်နိုဆော၏ထူးခြားချက်မှာ အသံအိုး (Larynx) ဖွဲ့စည်းပုံသည် ယနေ့ခေတ် ငှက်များ၏ အသံအိုးဖွဲ့စည်းပုံနှင့် လွန်စွာတူညီနေခြင်းဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ Pulaosaurus Qinglong ဒိုင်နိုဆောများသည် အသံပြုရာတွင် ဟိန်းသံပေးရမည့်အစား ယနေ့ခေတ်ငှက်များကဲ့သို့ အော်သံပေးနိုင်ဖွယ်ရှိကြောင်း တရုတ်သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။



Pulaosaurus Qinglong ဒိုင်နိုဆော၏အသံအိုးသည် နိုင်ငံတကာသိပ္ပံပညာရှင်များ စူးစမ်းလေ့လာနိုင်ခဲ့သည့် ဒုတိယမြောက် ဒိုင်နိုဆော အသံအိုးဖြစ်ကြောင်း သိရသည်။

Pulaosaurus Qinglong ဒိုင်နိုဆောများသည် လွန်ခဲ့သည့် နှစ်ပေါင်း သန်း ၁၅၀ ခန့်က ရှင်သန်ခဲ့ကြသော ဒိုင်နိုဆောများဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## CogniSAT-6 ကျူဆက်ဂြိုဟ်တုက လူသားအကူအညီမပါဘဲ လူ့ဉာဏ်ရည်တုနည်းပညာကိုသုံး၍ ရှာဖွေ၊ စဉ်းစား၊ တုံ့ပြန်နိုင်သည့် ပထမဆုံးဂြိုဟ်တုဖြစ်လာ

ဝါရှင်တန် ဇူလိုင် ၃၀

CogniSAT-6 အမည်ရှိ ကျူဆက်ဂြိုဟ်တုသည် လူသားအကူအညီမပါဘဲ လူ့ဉာဏ်ရည်တုနည်းပညာ(အေအိုင်)ကိုသုံး၍ ရှာဖွေနိုင်၊ စဉ်းစားနိုင်၊ ပြုမူတုံ့ပြန်နိုင်သည့် ပထမဆုံးဂြိုဟ်တုဖြစ်လာကြောင်း ဇူလိုင် ၂၉ ရက် သတင်းများအရ သိရသည်။

ဗြိတိန်ကုမ္ပဏီတစ်ခုက တည်ဆောက်ထားပြီး ၂၀၂၄ ခုနှစ် မတ်လတွင် လွှတ်တင်ခဲ့သည့် CognISAT-6 ဂြိုဟ်တုတွင် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ(နာဆာ)က ဖန်တီးထားသည့် Dynamic Targeting အမည်ရှိ အေအိုင်ဆော့ဖ်ဝဲလ်စနစ်တစ်ခု တပ်ဆင်ပေးထားကြောင်း သိရသည်။

နာဆာသိပ္ပံပညာရှင်များ၏ စမ်းသပ်မှုအရ CogniSAT-6 ဂြိုဟ်တုသည် Dynamic Targeting အေအိုင်ဆော့ဖ်ဝဲလ်ကိုသုံး၍ လူသားအကူအညီမပါဘဲ စက္ကန့် ၉၀ အတွင်း မိုးတိမ်ကင်းလွတ်သည့် စူးစမ်းရမည့်နေရာကို ရှာဖွေရန် ကိုယ်ထည်ကို လိုသလိုတိမ်းစောင်း၍ ရှာဖွေတွေ့ရှိချိန်တွင် ကိုယ်ထည် ပြန်တည့်မတ်ကာ ဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သိရသည်။

Dynamic Targeting အေအိုင်ဆော့ဖ်ဝဲလ်သည် လူသားများ ဓာတ်ပုံကိုကြည့်၍ အဓိပ္ပာယ်ဖတ်နိုင်စွမ်းကို တုပလုပ်ဆောင်နိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါ စွမ်းရည်မျိုးသည် မိုးတိမ်များတားဆီးမှု ပြဿနာနှင့် မကြာခဏ ရင်ဆိုင်ရတတ်သည့် ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုများအတွက် အလိုအပ်ဆုံး စွမ်းရည်တစ်မျိုးဖြစ်ပြီး CognISAT-6 ဂြိုဟ်တုသည် ကမ္ဘာပတ်လမ်းပေါ်၌ တစ်နာရီ ၁၇၀၀၀ မိုင်နှုန်းဖြင့် ပျံသန်းနေစဉ် Dynamic Targeting အေအိုင်ဆော့ဖ်ဝဲလ်ကို စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## အလုပ်ကုန်ပစ္စည်းများ ပုံမှန်သုံးစွဲသူ အမျိုးသမီးများ၌ ပန်းနာရင်ကျပ်ရောဂါ ဖြစ်နိုင်ခြေ ၄၇ ရာခိုင်နှုန်းမြင့်တက်

နယူးယောက် ဇူလိုင် ၃၀

အလှကုန်ပစ္စည်းများဖြစ်သော နှုတ်ခမ်းနီ၊ ပါးနီ ပုံမှန်သုံးစွဲသူ အမျိုးသမီးများ၌ ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေ ၄၇ ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း ဇူလိုင် ၂၉ ရက် သတင်းများအရ သိရသည်။

အမေရိကန်အမျိုးသား နှလုံး၊ အဆုတ်နှင့်သွေးသုတေသန အင်စတီကျူမှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နှုတ်ခမ်းနီ၊ ပါးနီ ပုံမှန်သုံးစွဲသူ အမျိုးသမီးများ၌ ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာချက်အရ နှုတ်ခမ်းနီနှင့်ပါးနီများကို သီတင်းတစ်ပတ်လျှင် ငါးကြိမ်နှင့်အထက် သုံးစွဲခဲ့လျှင်ပင် ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေ ၁၈ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း၊ အလှကုန်ပစ္စည်းများတွင် ပါဝင်သောဓာတုပစ္စည်းများသည် လူ့ခုခံအားစနစ်နှင့် ဟော်မုန်းထုတ်လုပ်မှုတို့အပေါ် အကျိုးသက်ရောက်မှု ရှိနေနိုင်ကြောင်း၊ အလှပြင်ပစ္စည်းများနှင့် ၎င်းပစ္စည်းများတွင် ပါဝင်သည့် ဓာတုပစ္စည်းများနှင့် ပတ်သက်၍ စည်းမျဉ်းများ သတ်မှတ်ရန် လိုအပ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အမျိုးသမီး ၄၀၀၀ ကျော်ကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ကာဘိုဟိုက်ဒရိတ်လျှော့ဓာတ်စာများ စားသုံးမှုက အယ်ဇိုင်းမားရောဂါကို တားဆီးနိုင်ဖွယ်ရှိ

နယူးယောက် ဇူလိုင် ၃၀

ကာဘိုဟိုက်ဒရိတ် လျှော့ချထားသည့် ဓာတ်စာများ စားသုံးမှုသည် အယ်ဇိုင်းမားရောဂါကို တားဆီးပေးနိုင်ဖွယ် ရှိကြောင်း ဇူလိုင် ၂၉ ရက် သတင်းများအရ သိရသည်။

ကာဘိုဟိုက်ဒရိတ် လျှော့ချထားသည့် ဓာတ်စာများဖြင့် ဦးနှောက်အတွင်းရှိ သကြားဓာတ်ပမာဏကို လျှော့ချနိုင်ပါက အယ်ဇိုင်းမားရောဂါကို ဖြစ်ပွားစေသည့် ပရိုတင်းများကို လျှော့ချနိုင်သည်ကိုတွေ့ရကြောင်း၊ လူ့ခန္ဓာကိုယ်အတွင်းသို့ ရောက်သွားချိန်တွင် ကာဘိုဟိုက်ဒရိတ်များသည် ဂလီကိုဂျင် ခေါ် သကြားဓာတ်တစ်မျိုးအဖြစ် ပြောင်းလဲတတ်ကြောင်း၊ အဆိုပါ ဂလီကိုဂျင်သကြားဓာတ်များအနက် ပိုလျှံနေသည့် သကြားဓာတ်များသည် Tau ခေါ် ဦးနှောက်တွင်းရှိ ပရိုတင်းများကိုကပ်တွယ်၍ ၎င်းပရိုတင်းများပြိုကွဲမည့်အရေးကို တားဆီးထားနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားထားသည်။

Tau ပရိုတင်းများနှင့် ဘီတာအမိလွိုက်ခေါ် ပရိုတင်းတစ်မျိုးတို့ ဦးနှောက်အတွင်း စုစည်းမှုသည် အယ်ဇိုင်းမားရောဂါ ဖြစ်ပွားရခြင်း၏ အဓိကနောက်ခံအကြောင်းတရားဖြစ်ကြောင်း၊ ကာဘိုဟိုက်ဒရိတ်လျှော့ချထားသည့် ဓာတ်စာများသည် ဂလီကိုဂျင်သကြားဓာတ်များကို ခြေဖျက်နိုင်သော Glycogen Phosphorylase ခေါ် အင်ဇိုင်းဓာတ်တစ်မျိုး ပေါ်ထွက်မှုကို မြှင့်တင်ပေးခြင်းဖြင့် အယ်ဇိုင်းမားရောဂါကို တားဆီးပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# National Bank Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဟိုလ်ဂါရူနီနှင့် မူဆက်တီတို့အနိုင်ရရှိ




**အော့တဝါ ဇူလိုင် ၃၀**

ကနေဒါနိုင်ငံတွင် ကျင်းပနေသည့် National Bank Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များအဖြစ် ဒိန်းမတ်တင်းနစ်ကစားသမား ဟိုလ်ဂါရူနီက ပြင်သစ်တင်းနစ်ကစားသမား ပါရီကက်နှင့်လည်းကောင်း၊ အီတလီတင်းနစ်ကစားသမား မူဆက်တီက သြစတြေးလျတင်းနစ်ကစားသမား ဒက်ဝေါ့နှင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားခဲ့ကြရာ ဟိုလ်ဂါရူနီနှင့် မူဆက်တီတို့က ပြိုင်ဘက်များကို အသီးသီးအနိုင်ရရှိခဲ့ကြကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

ဟိုလ်ဂါရူနီနှင့် ပါရီကက်တို့ပွဲစဉ်တွင် ဟိုလ်ဂါရူနီက (၇-၆ ၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သော်လည်း ကမ္ဘာ့အဆင့်(၅) နေရာတွင် ရပ်တည်နေသည့် ဟိုလ်ဂါရူနီအတွက် ပထမပွဲငယ်တွင် ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ရပြီး tie-break အဆင့်အထိကစားခဲ့ပြီးမှ အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

မူဆက်တီနှင့် ဒက်ဝေါ့တို့ပွဲစဉ်တွင် မူဆက်တီက (၇-၅ ၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး မူဆက်တီအနေဖြင့်လည်း ပထမပွဲငယ်တွင် ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားသွားခဲ့ရပြီး ဒက်ဝေ့ါအနေဖြင့် unforced errors အကြိမ် ၃၀ ထိ ကျူးလွန်ခဲ့မိသည့်အတွက်လည်း ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

တတိယအဆင့်တွင် ဟိုလ်ဂါရူနီသည် ပြင်သစ်တင်းနစ် ကစားသမားမူလာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မူဆက်တီက အမေရိကန်တင်းနစ်ကစားသမား မီချဲလ်ဆန်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ဘိုင်ယန်မြူးနစ် ခံစစ်ကစားသမား အက်ဇ်နူကို အဲဗာတန်အသင်းခေါ်ယူ

**လန်ဒန် ဇူလိုင် ၃၀**

အဲဗာတန်အသင်းသည် ဘိုင်ယန်မြူးနစ်အသင်း ဘယ်တောင်ပံခံစစ်ကစားသမားအက်ဇ်နူကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅သန်းဖြင့် အပြီးသတ် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

အဲဗာတန် အသင်းအနေဖြင့် အသင်းခံစစ်ပိုင်းမှ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာသွားသည့် အက်ရှ်လေယန်းနေရာတွင် အစားထိုးနိုင်ရန် အသက် ၁၉ နှစ်ရှိ လူငယ်ခံစစ်ကစားသမားကို ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ စတာလင်ပေါင် ၅သန်းဖြင့်ခေါ်ယူနိုင်ခဲ့ပြီး အသင်းမှ ခံစစ်ကစားသမား မိုင်ကိုလန်ကိုနှင့် ပွဲထွက်ခွင့်ယှဉ်ပြိုင်စေမည်ဖြစ်သည်။

ဘာစီလိုနာမြို့တွင် မွေးဖွားခဲ့သည့် အက်ဇ်နူသည် လာမာစီယာထွက် ကစားသမားတစ်ဦးဖြစ်သော်လည်း ၂၀၂၂ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် စီနီယာအသင်းတွင် နှစ်ပွဲသာပါဝင်ခွင့်ရခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက စပိန်ကလပ် ဗယ်လာဒိုးလစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ရာ အမှတ်ပေးပြိုင်ပွဲတွင် ၁၃ ပွဲထိ ပါဝင်ကစားခွင့်ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် နည်းပြမိုယက်စ်၏ အဲဗာတန်အသင်းသည် အက်ဇ်နူအပါအဝင် ကွင်းလယ်ကစားသမား အယ်ကာရက်ဇ်၊ တိုက်စစ်မှူး ဘာရီ၊ ဂိုးသမားထရာဗာတို့ကို ခေါ်ယူနိုင်ခဲ့ပြီး လာမည့် ဩဂုတ် ၁၈ ရက်တွင် လိဒ်အသင်းနှင့် ကစားမည့် ပရီးမီးယားလိဂ်အမှတ်ပေးပွဲမတိုင်မီ ဝက်စ်ဟမ်းအသင်း၊ မန်ယူအသင်း၊ ရိုးမားအသင်းတို့နှင့် ရာသီကြိုခြေစမ်းပွဲစဉ်များ ကစားမည်ဖြစ်ကြောင်း သိရသည်။

Ref : Espn
Trs : ML




## အားကစားသတင်းအတိုအထွာများ

- ၂၀၂၅ အမျိုးသမီး ကိုပါအမေရိကဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဘရာဇီးအသင်းက ဥရုဂွေးအသင်းကို ငါးဂိုး တစ်ဂိုးဖြင့်အနိုင်ယူ၍ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သောကြောင့် ဗိုလ်လုပွဲတွင် အာဂျင်တီးနားအသင်းကို ပင်နယ်တီအဆုံးအဖြတ်နှင့် နိုင်ပွဲရခဲ့သည့် ကိုလံဘီယာအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လာမည့် ၂၀၂၈ ခုနှစ် လော့အိန်ဂျယ်လိစ် အိုလံပစ်ပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းသို့ တိုက်စစ်မှူး ဂျာအိုပက်ထရိုနှင့် ဒီလက်ပ်တို့ ရောက်ရှိလာပြီးနောက် အသက် ၁၉ နှစ်ရှိ လူငယ်တိုက်စစ်မှူး ဂူယူက ပွဲထွက်ခွင့်ပျောက်ဆုံးမည်ကို စိုးရိမ်သောကြောင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့သဖြင့် ဆန်းဒါးလန်းအသင်းက ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်နေကြောင်း သိရသည်။
- ရန်ကုန်ယူနိုက်တက်အသင်းနှင့် ကွင်းလယ်ကစားသမား ဝေလင်းအောင်တို့ နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းခဲ့ကြောင်း သိရသည်။
- အမျိုးသမီးအာရှဖလားပြိုင်ပွဲ မဲခွဲမှုအပြီး၌ အာဆီယံဒေသမှ ဗီယက်နမ်အသင်းရှုံးထွက်အဆင့် တက်ရောက်နိုင်ရန် အခြေအနေကောင်းပြီး ဖိလစ်ပိုင်အသင်းအုပ်စုကျပ်တွင် ကျရောက်လျက်ရှိကြောင်း သိရသည်။ ML

# ချဲလ်ဆီးအသင်းက ခံစစ်ကစားသမား ကူကူရယ်လာကို သက်တမ်းတိုးရန် ပြင်ဆင်

**လန်ဒန် ဇူလိုင် ၃၀**

ချဲလ်ဆီးအသင်းမှ ခံစစ်ကစားသမား ကူကူရယ်လာကို ဆော်ဒီပရိုလိဂ်ကလပ် အယ်နာဆာအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသောကြောင့် အသင်းအနေဖြင့် ကစားသမားကို ဆက်လက်ထိန်းသိမ်းရန် ဆုံးဖြတ်ထားသဖြင့် သက်တမ်းတိုးရန် ပြင်ဆင်ခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား ကူကူရယ်လာသည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းအတွက် ပုံစံကောင်းပြသရန် ရုန်းကန်ခဲ့ရသော်လည်း ယူရိုပါကွန်ဖရင့်လိဂ် ဗိုလ်လုပွဲစဉ်နှင့် ဖီဖာကလပ် ကမ္ဘာ့ဖလားဗိုလ်လုပွဲစဉ်တို့တွင် အသင်းကိုဆုဖလားရရှိအောင် အဓိကနေရာမှ အစွမ်းကုန် ကြိုးပမ်းပေးခဲ့သောကြောင့် နည်းပြမာရက်စ်ကာက ၎င်း၏ ခြေစွမ်းပိုင်းကို ချီးမြှောက်လို၍ စာချုပ်သက်တမ်းတိုးရန် စီစဉ်ခဲ့သည်။

အသက် ၂၇ နှစ်ရှိ ကူကူရယ်လာသည် ၂၀၂၂ ခုနှစ်က ဘရိုက်တန်အသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၆၅ ဒသမ ၃ သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး ပြောင်းရွှေ့ကြေးအများဆုံး ခံစစ်ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ကာ ဘယ်တောင်ပံခံစစ်ပိုင်းတွင် အဓိကကစားသမားတစ်ဦးအဖြစ် ပါဝင်ခွင့်ရခဲ့သော်လည်း ယခုအပြောင်းအရွှေ့ ကာလတွင် ခံစစ်ကစားသမား ဟာတိုကို ခေါ်ယူနိုင်ခဲ့သဖြင့် ၎င်းအနေဖြင့် အသင်းမှထွက်ခွာနိုင်သည့် သတင်းများထွက်ပေါ်ခဲ့သော်လည်း ကလပ်ကမ္ဘာ့ဖလား ဗိုလ်လုပွဲစဉ်တွင် ကူကူရယ်လာ၏ ခြေစွမ်းပိုင်းကြောင့် ဆုဖလားရယူနိုင်ခဲ့သဖြင့် ဦးစားပေး ကစားသမားအဖြစ်သာ အသင်းတွင် ဆက်ရှိနေမည်ဖြစ်သည်။



ထို့ပြင် ချဲလ်ဆီးအသင်းသည် လက်ရှိ အပြောင်းအရွှေ့ကာလတွင် စပို့တင်းလစ္စဘွန်းအသင်းမှ အက်ဆူဂို၊ အစ်ဗ့စ်အသင်း တိုက်စစ်မှူး ဒီလက်ပ်၊ စထရာဘော့ ခံစစ်ကစားသမား မာမာဒူဆား၊ ဘရိုက်တန်အသင်း တိုက်စစ်မှူး ဂျာအိုပက်ထရို၊ အင်ဒီပန်ဒီယန်တီကွင်းလယ်ကစားသမား ပါရက်ဇ်၊ ဒေ့ါမွန်အသင်း တောင်ပံကစားသမားဂစ်တန်းတို့ကို ခေါ်ယူနိုင်ခဲ့ပြီးနောက် တိုက်စစ်ပိုင်းထပ်မံဖြည့်တင်းရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Football Espana
Trs : ML

# ဆောက်သမ်တန်ဂိုးသမား ရမ်ဒေးလ်ကို နယူးကာဆယ်အသင်း အငှားစာချုပ်ဖြင့်ခေါ်ယူ



**လန်ဒန် ဇူလိုင် ၃၀**

နယူးကာဆယ် အသင်းသည် ဂိုးသမား လိုအပ်ချက်အတွက် ဆောက်သမ်တန်အသင်းမှဂိုးသမား ရမ်ဒေးလ်ကို အပြီးသတ်ဝယ်ယူခွင့် ပါရှိသည့် တစ်ရာသီအငှား စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

It has been noted that illicit trade poses a significant policy and procedural challenge in many countries worldwide. Illicit trade is conducted through illegal methods on the ground and in various forms online. Therefore, it is necessary to utilize technology and conduct required research to prevent the entry of illicit goods. It is the responsibility of all personnel working under the leadership committee and the special task forces and committees addressing illicit trade in states and regions to combat such activities for the benefit of the nation.

Furthermore, on July 17, the Nyaung Khar Shay checkpoint in Waw Township, Bago Region, was successfully opened. At the import vehicle inspection yard, four cargo vehicles and two smaller vehicles can be inspected simultaneously using a separate inspection platform.

*See Page 15*

*From Page 14*

At the export vehicle inspection yard, two cargo vehicles and two smaller vehicles can also be inspected concurrently.

This reduces traffic congestion and inspection delays. Despite attempts to smuggle illicit goods through various methods, skilled personnel have successfully seized illegal items, including weapons and ammunition. All personnel are urged to perform their duties with loyalty for the benefit of their organization and the nation. It is emphasized that security is critical, and personnel at checkpoints must remain vigilant and cooperate systematically with local security forces.

According to the Transnational Alliance to Combat Illicit Trade (TRACIT), illicit trade generates over USD 460 billion annually, often facilitated through illicit financial flows. Therefore, precise inspections and detection are essential to curb illicit trade.

Illicit trade with neighboring countries results in significant revenue losses through unpaid taxes. There is a notable imbalance between exports and officially recorded imports. For instance, in April, the export value through the Myawaddy trade zone to Thailand was USD 12.592 million, while Thailand's import value was USD 21.982 million, resulting in a discrepancy of over USD 9 million. Similarly, Thailand's export value was USD 113.97 million, while the recorded import value on our side was just over USD 6 million, creating a gap of over USD 107 million. Both governments are negotiating to balance trade, and relevant inspection teams must conduct thorough and honest checks, with responsible authorities ensuring strict enforcement. This trade imbalance leads to significant tax revenue losses, amounting to millions of USD, and affects foreign currency reserves due to disloyal officials collaborating in illicit trade. Such activities also involve illegal financial flows through cryptocurrencies, impacting the nation's foreign exchange earnings. Illicit goods contribute to smuggling, substandard imports, consumer harm, market price disruptions, reduced competitiveness for local businesses, job losses, and decreased productivity and exports. Relevant task forces are urged to take decisive action to detect and seize illicit goods.

Regarding tip-offs, efforts must continue to encourage and act on credible information, evaluated based on operational experience. Informants are rewarded appropriately by the state, and public awareness campaigns are needed to promote this. In Hpa-an, Karen State, tip-offs directly reported to the leadership committee, bypassing local authorities, indicate a lack of trust in local officials. Measures must be taken to maintain informants' confidence.

Border control requires rigorous action to prevent illicit goods and ensure balanced trade values. Personnel must address trust issues, take corrective actions, and enforce strict measures where necessary. Attendees are encouraged to openly discuss and propose solutions regarding illicit trade.

Subsequently, U Min Min, Deputy Minister for Commerce and Secretary of the Illegal Trade Eradication Steering Committee, presented updates on the committee's decisions from meeting (2/2025), notable seizures, and ongoing activities.

Following that, the task force leader of the Steering Committee Office Director-General U Aung Thwin Oo, Director-General of the Central Machinery Statistics and Inspection Department U Aung Kaing Htun, Director-General of the Customs Department U Thein Swe, Director-General of the Trade Department U Myint Thura, and Professor Dr. Ye Myint, Director-General of the Food and Drug Administration presented the reports submitted to the Illegal Trade Eradication Steering Committee's Coordination Meeting (3/2025) by reading them aloud.

Committee members Union Ministers U Win Shein, Lt- Gen Tun Tun Naung and U Tun Ohn, Chairman of the Revenue Appellate Tribunal U Myint Oo, Nay Pyi Taw Council members, and heads of regional illicit trade task forces discussed findings, export promotion efforts, border inspections, seizures of controlled chemicals, drugs, weapons, timber, vehicles, fuel, food, medicines, and cosmetics, as well as legal actions and measures to prevent loss or destruction of seized items. They also addressed information dissemination, prevention efforts, and trade conditions with neighboring countries.

Finally, the Vice-Senior General concluded the meeting by coordinating discussions and delivering closing remarks, after which the meeting was adjourned.

100

# Indaw Township plant over 3,000 acres of vegetables this year

**Indaw July 30**

Indaw Township Agriculture Department of Sagaing Region stated that local farmers planted a total of 3,410 acres of vegetables as monsoon crops this year.

During the 2025-2026 monsoon crop season, it has been planned to cultivate 4,025 acres of vegetables in Indaw Township. The planting began in May this year, and as of today, 3,410 acres have already been cultivated.

"This year, over 4,000 acres of vegetables are planned to be cultivated in Indaw Township during the monsoon crop season. So far, more than 3,000 acres have been successfully cultivated. Efforts are being made to meet the full target acreage. The crops being planted include mustard, chilli, spicy herbs, potatoes, cabbage, eggplant, and cauliflower. Farmers are being provided with technical assistance to grow all vegetables under the GAP (Good Agricultural Practices) system. Additionally, they are being trained to cultivate vegetables in a way that minimizes chemical residues and ensures health safety," said U Thein Khaing, Head of the Indaw Township Agriculture Department.

This year, the Indaw Township Agriculture Department has been conducting training for vegetable growers to adopt the GAP system, providing techniques to ensure that the vegetables harvested are safe and healthy, and encouraging farmers to expand their cultivation.

Vegetables are cultivated seasonally each year in Indaw Township, and the crops grown have been successful, generating income for families. The Agriculture Department continues to educate farmers on proper cultivation techniques, pest prevention, the use of natural fertilizers, organic pesticides, and repellents.

206

# Trump says U.S. to impose 25-pct tariff on imports from India

**New York July 30**

U.S. President Donald Trump said Wednesday that the United States will impose a 25-percent tariff on imports from India, starting on August 1.

In a Truth Social post early Wednesday, Trump said that, despite India being "our friend," the United States has done "relatively little business with them because their tariffs are far too high," adding that India has the "most strenuous and obnoxious non-monetary trade barriers of any country."

He also said that India "has always bought a vast majority of military equipment from Russia, and is Russia's largest buyer of energy."

Therefore, he continued, India will pay a tariff of 25 percent, plus "a penalty for the above," starting on the first day next month.

U.S. Trade Representative Jamieson Greer told CNBC on Monday that the United States needed more time for talks with India to gauge the country's willingness to open its market more to American goods.

Bloomberg reported Tuesday that any rate of 20 percent or higher would come as a disappointment for India, which had been seeking a better deal than the 19 percent that Trump had offered Indonesia and the Philippines.

Xinhua

# Tsunami hits Russia's Far East following powerful earthquake

**Vladivostok July 30**

A 3- to 4-meter-high tsunami wave was observed in the Yelizovsky District of Russia's Far Eastern Kamchatka Peninsula on Wednesday, following a magnitude 8.7 earthquake, local authorities said.

"A tsunami wave, approximately 3 to 4 meters high, was observed at the Hydrometeorological Service observation point at Cape Vodopadnaya," said Kamchatka's Minister for Emergency Situations Sergei Lebedev, urging residents to stay away from the coast.

Earlier, the peninsula was hit by a magnitude 8.7 earthquake, the strongest since 1952, according to the Kamchatka branch of the Geophysical Service of the Russian Academy of Sciences.

The U.S. Geological Survey, which reported the magnitude at 8.8, said the quake occurred at a depth of 19.3 km and was located 126 km east-southeast of Petropavlovsk-Kamchatsky, a city of 165,000 on the coast of Avacha Bay.

"Today's earthquake was serious and the strongest in decades of tremors," Kamchatka Governor Vladimir Solodov said in a video posted on the Telegram, adding that a kindergarten was damaged, but no children or staff were inside at the time.

Oleg Melnikov, the regional health minister, told Russia's state news agency TASS that several injuries have occurred.

"Some were hurt while rushing outside, and one individual reportedly jumped out of a window. Another woman was also injured inside the new airport terminal," Melnikov said.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

**ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရသည်မှာ လေးနှစ်ခွဲကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသော သာမန်မဟုတ်သည့် အခြေအနေများ၌ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်အောင်ဆောင်ရွက်ရန် အချိန်ကာလလိုအပ်ချက်များရှိခဲ့၍ တာဝန်ထမ်းဆောင်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ တာဝန်ထမ်းဆောင်မှု သက်တမ်းတိုးခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း။

နိုင်ငံတော်တွင် အရေးပေါ်ကာလဖြစ်ပေါ်ခဲ့ခြင်းကို ပြန်ကြည့်မည်ဆိုပါက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပချိန်တွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ရခြင်းကြောင့် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်ချိန်တွင်လည်း မညီမျှမှုများဖြစ်ပေါ်လျက်ရှိသည်ကို နိုင်ငံရေးပါတီများက မိမိထံသို့ အသိပေးပြောကြားခြင်းများကြောင့် မိမိအနေဖြင့် သက်ဆိုင်ရာအစိုးရအဖွဲ့ကို အသိပေးခဲ့သော်လည်း အရေးယူဆောင်ရွက်ခြင်း မရှိခဲ့ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြီးချိန်၌လည်း မဲစာရင်းမှားယွင်းနေမှုများကို အချို့ပါတီများအနေဖြင့် မိမိထံ အသိပေးပြောကြားခဲ့ကြောင်း၊ ထိုသို့ မဲစာရင်းမှားယွင်းမှုများအတွက် တာဝန်ရှိသူများကို စိစစ်အရေးယူဆောင်ရွက်ပေးရန်အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့ထံသို့ အကြိမ်ကြိမ်အသိပေးအကြောင်းကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ခြင်းမရှိဘဲ လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်အား ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်တာဝန် ထမ်းဆောင်ရန်ဖြစ်ပေါ်လာသည့် အခြေအနေများအရ အကောင်းဆုံး ဆုံးဖြတ်လုပ်ဆောင်ရခြင်းဖြစ်၍ တာဝန်ယူခဲ့ရပြီးနောက်ပိုင်းတွင် လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရေးအတွက် အရပ်ဘက်၊ စစ်ဘက်တို့မှ အတွေ့အကြုံရှိပြီး လုပ်ရည်ကိုင်ရည်ရှိသည့်သူများကို အမြန်ရွေးချယ်၍ တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအသီးသီးတွင် အတွေ့အကြုံရှိပြီး လုပ်ရည်ကိုင်ရည်ရှိသူများကို တာဝန်ပေးအပ်နိုင်ခဲ့သဖြင့် အစိုးရ၏ လုပ်ငန်းယန္တရားများ ကောင်းမွန်စွာ ဆက်လက်လည်ပတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အရေးပေါ်အခြေအနေကာလတွင် အခက်အခဲနှင့် ပိတ်ဆို့နှောင့်ယှက်မှုအမျိုးမျိုးအပြားအကြားမှ လုပ်ငန်းများလည်ပတ်အောင် ဆောင်ရွက်ခဲ့ရကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့သည်မှာ လေးနှစ်ခွဲကာလသို့ ရောက်ရှိပြီဖြစ်ပြီး **နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် အခက်အခဲ၊ အကျပ်အတည်းများအားလုံးကို မိမိတို့အစိုးရအဖွဲ့ဝင်များအနေဖြင့် အတူတကွ ဝိုင်းဝန်းကြိုးပမ်းကျော်ဖြတ်နိုင်ခဲ့သဖြင့် လုပ်ဖော်ကိုင်ဖက်များအားလုံးကို ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း။**

## နိုင်ငံရေးဆိုင်ရာ

နိုင်ငံရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ပြည်သူများမှရွေးချယ်သည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိကြောင်း၊ **တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်ပြီး** တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်းဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ၁၉၈၈ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းသို့ လျှောက်လှမ်းလိုသည်ဟု ဆန္ဒပြုခဲ့ကြသဖြင့် တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရန်အတွက် အုတ်မြစ်ချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၁၈၈၆ ခုနှစ် မတိုင်မီကာလများတွင် မြန်မာနိုင်ငံသည် ဘုရင်အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၁၉၈၈ ခုနှစ်မတိုင်မီကာလတွင် ဗဟိုဦးစီးစနစ်ဖြင့် သွားခဲ့ခြင်းဖြစ်ကြောင်း၊ အင်္ဂလိပ်ကိုလိုနီဖြစ်ခဲ့ရပြီး နောက်ပိုင်းတွင် အောက်မြန်မာပြည်သည် လွှတ်တော်စနစ်ပုံစံဖြင့်သွားခဲ့ရခြင်းဖြစ်ပြီး လွှတ်တော်နှင့် စတင်ထိတွေ့ခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါလီမန်စနစ်သို့သွားရန် ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအချိန်တွင် နိုင်ငံရေးဦးဆောင်သူများ၊ လူငယ်များ၊ တပ်မတော်မှတာဝန်ရှိသူများအားလုံးတွင် ဆိုရှယ်လစ်နှင့်ပတ်သက်သည့် အသိများရှိထားကြသည့်အချိန်ဖြစ်ကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ဆိုရှယ်လစ်စနစ်ကို သွားမည်၊ ဆိုရှယ်လစ်နိုင်ငံထူထောင်မည်ဟု မပါရှိသော်လည်း သမ္မတကြီးစဝ်ရွှေသိုက်၏ လွတ်လပ်ရေးမိန့်ခွန်းတွင် ဆိုရှယ်လစ်စနစ်ကိုသွားမည်ဟု အတိအလင်းဖော်ပြထားသည်ကိုတွေ့ရကြောင်း၊ သို့သော်လည်း ဆိုရှယ်လစ်စနစ်ကို မကျင့်သုံးခဲ့ရခြင်းမှာ ၎င်းအချိန်က နိုင်ငံရေးအင်အားစုများ၌ လက်ဝဲယိမ်းသည့်အုပ်စုများ၊ လက်ယာယိမ်းသည့်အုပ်စုများ စသည်ဖြင့်ရှိကြကြောင်း၊ ထို့ကြောင့် ပါလီမန်စနစ်သွားခဲ့ရသည်ဟု သုံးသပ်ရကြောင်း၊ ၁၉၆၂ ခုနှစ်တွင် နိုင်ငံတော်၏ နိုင်ငံရေးအခြေအနေအရပ်ရပ်အရ တော်လှန်ရေးကောင်စီက နိုင်ငံတော်တာဝန်များကိုယူခဲ့ရပြီး ဆိုရှယ်လစ်စနစ်ကို ဆောင်ရွက်ခဲ့ကြကြောင်း၊ ဆိုရှယ်လစ်စနစ်တွင် ကောင်းမွန်သည့်အချက်များရှိသကဲ့သို့ အားနည်းချက်များလည်းရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆိုရှယ်လစ်စနစ်ကိုကျင့်သုံးရာတွင် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်စနစ်ကို ဖော်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ်၊ ဗဟိုဦးစီးစနစ်ကိုကျင့်သုံးရာတွင် နိုင်ငံရေးအရ တစ်ပါတီစနစ်ကိုကျင့်သုံးခဲ့၍ နိုင်ငံရေးထွက်ပေါက်ပိတ်သွားသူများ၏ မကျေနပ်မှု၊ စီမံကိန်းစီးပွားရေးစနစ်ကြောင့် စီးပွားရေးအရ ထွက်ပေါက်ပိတ်ဆို့သွားသူများ၏ မကျေနပ်မှု၊ အုပ်ချုပ်ရေးကဏ္ဍများ၌ ပါတီဝင်များကိုသာ ဦးစားပေးမှုများကြောင့် မကျေနပ်မှုများရှိခဲ့ကြောင်း၊ ၎င်းအပြင် စီးပွားရေးပိတ်ဆို့မှုများကြောင့် နိုင်ငံ့စီးပွားရေး ထိခိုက်လာခဲ့ရကြောင်း၊ စနစ်၏အားနည်းချက်ဆိုသည်ထက် လက်တွေ့အကောင်အထည်ဖော်မှု အားနည်းချက်ကြောင့်ဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ ဆိုရှယ်လစ်စနစ်ကိုကျင့်သုံးပြီး အောင်မြင်နေသည့် နိုင်ငံများလည်း ရှိနေဆဲဖြစ်ကြောင်း။

နိုင်ငံတစ်ခု ရပ်တည်နိုင်ရေးအတွက် စီးပွားရေးသည် အဓိကအခရာကျသည့် အချက်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမွန်မှသာလျှင် နိုင်ငံရေးအားသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ်တွင် အုပ်ချုပ်ရေးအရ စီမံခန့်ခွဲမှုအားနည်းချက်များ၊ စီးပွားရေးအရ ပိတ်ဆို့မှုများ၊ မှောင်ခိုစီးပွားရေးစနစ်ဖြစ်ပေါ်လာခြင်း၊ သယံဇာတများခိုးထုတ်ခံရခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းတို့ကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းလာပြီး ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပေါ်လာခဲ့ကြောင်း၊ ထို့နောက် ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းနိုင်ရေး စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပကာ တပ်မတော်အနေဖြင့် နိုင်ငံတော် ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် သမ္မတ ဦးသိန်းစိန်ဦးဆောင်သည့် ဒီမိုကရေစီအစိုးရ ပထမသက်တမ်းကာလတွင် အစိုးရအနေဖြင့် ဒီမိုကရေစီနှင့် အသားကျနိုင်ရေး လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့်လည်း အစိုးရနှင့် လက်တွဲညီစွာ ဆောင်ရွက်ခဲ့ကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍လည်း ၂၀၁၂ ခုနှစ်မှစ၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုနိုင်ရန် ငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ **အမှန်တကယ် ငြိမ်းချမ်းမှုရရှိနိုင်ရန် အစိုးရနှင့် တပ်မတော် လက်တွဲညီညီ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊** မိမိတို့နိုင်ငံသည် တိုင်းရင်းသားညီအစ်ကိုများ အတူတကွ ပေါင်းစည်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သမ္မတဦးသိန်းစိန်အနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တွင် လက်မှတ်ရေးထိုးနိုင်သည်အထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒီမိုကရေစီပထမအစိုးရအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သော်လည်း ဒီမိုကရေစီစနစ်နှင့် အသားကျမှုမရှိခြင်း၊ အဖွဲ့အစည်းအသီးသီး၏ အတိတ်ဖြစ်ရပ်များအပေါ် သွေးထိုးလှုံ့ဆော်ခြင်းများလည်း ရှိခဲ့ကြောင်း၊ ဆိုရှယ်လစ်စနစ် ကျင့်သုံးစဉ်ကာလတွင် ဖြစ်ပေါ်ခဲ့သည့် မကျေနပ်ချက်များကို ဒီမိုကရေစီစနစ်ကျင့်သုံးချိန်တွင် အတိတ်၊ ပစ္စုပ္ပန်ရောထွေး၍ အတိုက်အခံပြုလုပ်ခြင်းများ ဖြစ်ပေါ်စေခဲ့သည်ဟု သင်ခန်းစာဖော်ထုတ်ရရှိခဲ့ကြောင်း။

ထို့နောက် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် NLD ပါတီက အနိုင်ရရှိခဲ့ပြီး ဒီမိုကရေစီဒုတိယအစိုးရအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့တာဝန်ယူဆောင်ရွက်ချိန်တွင် ၎င်းတို့အပေါ် ပြည်သူလူထုက များစွာမျှော်လင့်ထားခဲ့သော်လည်း စီမံခန့်ခွဲမှု အတွေ့အကြုံအားနည်းမှုများ၊ ယခင်အစိုးရ၏လုပ်ဆောင်မှုများကို အတိုက်အခံဆောင်ရွက်မှုများကြောင့် စီးပွားရေးအရအားနည်းချက်များ ဖြစ်ပေါ်ခဲ့ကြောင်း၊ စတင်တာဝန်ယူစဉ် ၂၀၁၅-၂၀၁၆ ခုနှစ်ကာလအတွင်း ပြည်ပအကူအညီများ များစွာရရှိခဲ့ပြီး နိုင်ငံ့စီးပွားရေးအားကောင်းခဲ့သော်လည်း နောက်ပိုင်းတွင် စီမံခန့်ခွဲမှုအားနည်းခြင်း၊ ပြည်ပနိုင်ငံများက အထောက်အပံ့များဖြင့်သာ စီးပွားရေးလည်ပတ်လျက်ရှိပြီး ပြည်တွင်းစီးပွားရေး အားပေးမှုမရှိခြင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများမရှိခြင်း၊ နိုင်ငံ၏ ပကတိအခြေအနေနှင့်မကိုက်ညီသည့် နိုင်ငံခြားသားအကြံပေးများ၏ အကြံဉာဏ်များအတိုင်း ဩဇာခံဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ကြောင်း၊ လုပ်ဆောင်မှုအားနည်းချက်များ၊ စီမံခန့်ခွဲမှု အားနည်းချက်များကြောင့် ပြည်သူလူထုကလည်း ၎င်းတို့အပေါ် အယုံ

> **နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် အခက်အခဲ၊ အကျပ်အတည်းများအားလုံးကို မိမိတို့ အစိုးရအဖွဲ့ဝင်များအနေဖြင့် အတူတကွ ဝိုင်းဝန်းကြိုးပမ်းကျော်ဖြတ်နိုင်ခဲ့သဖြင့် လုပ်ဖော်ကိုင်ဖက်များအားလုံးကို ကျေးဇူးတင်အသိအမှတ်ပြု...**
>
> **ကျေးလက်နေသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေသူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ပြီး ဆင်းရဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်...**

အကြည်အားနည်းလာသဖြင့် ၎င်းတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိနိုင်ရန် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ခဲ့ပြီး မဲမသမာမှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရရှိကြောင်း။

## စီးပွားရေးဆိုင်ရာ

စီးပွားရေးပိုင်းနှင့်ပတ်သက်၍ ကုန်သွယ်မှုတွင် ၂၀၁၁ - ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ မီလီယံ ၁၀၀ အပိုရှိခဲ့ကြောင်း၊ ထို့နောက် ၂၀၁၂ ခုနှစ်နောက်ပိုင်း ကုန်သွယ်မှုလိုငွေများသာပြခဲ့ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမရှိခြင်း၊ ရောင်းကုန်ပစ္စည်းမရှိခြင်းတို့ကြောင့် ကုန်သွယ်မှုလိုငွေပြရခြင်းဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကိုအားမပေးဘဲ ပြည်ပအကူအညီများနှင့် non-trade ကရရှိသည့် ငွေများဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ မိမိတို့နိုင်ငံ၌ အလုပ်သေချာလုပ်ဆောင်ခဲ့ခြင်း မရှိခြင်းကြောင့် ဖြစ်ကြောင်း၊ ပိုင်ဆိုင်ထားသည့် စိုက်ပျိုးမြေများအပါအဝင် ဖြစ်နိုင်ခြေရှိသည်များကို အကျိုးရှိရှိ စနစ်တကျအသုံးချနိုင်ခြင်းမရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် ပန်းတိုင်ရည်မှန်းချက်များ ရရှိအောင် ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မှုမရှိခြင်းဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများမရှိပါက ရောင်းကုန်ပစ္စည်းများလည်း ရရှိမည်မဟုတ်ဘဲ ဝင်ငွေရရှိမည်မဟုတ်ကြောင်း၊ ထို့ပြင် သီးထပ်စွမ်းအား ပြည့်မီမှုမရှိခြင်းကြောင့်လည်း နိုင်ငံ့ဝင်ငွေလျော့နည်းခဲ့ရကြောင်း၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိခြင်းနှင့် သီးထပ်စွမ်းအား ပြည့်မီမှုမရှိခြင်းကြောင့် နိုင်ငံ့ဝင်ငွေ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ခန့် လျော့နည်းထိခိုက်နစ်နာလျက်ရှိနေသည်ကို တွက်ချက်မှုများအရ တွေ့ရှိရကြောင်း၊ ယင်းတို့ကို ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ရောင်းကုန်ပစ္စည်းများရရှိမည်ဖြစ်ပြီး ကုန်သွယ်မှုလိုငွေများရှိနိုင်မည်မဟုတ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမရှိခဲ့သည့်အတွက် နိုင်ငံ့စီးပွားရေး အားနည်းရခြင်းဖြစ်သဖြင့် နိုင်ငံ့စီးပွားရေးကို ထိထိရောက်ရောက် အားပေးဆောင်ရွက်သွားရမည်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

## ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာ

**လွှတ်တော်သည် ဥပဒေပြုသည့်သူများ၏ နေရာဖြစ်သဖြင့် အခြေခံအားဖြင့် ပညာရေးကောင်းမွန်ပြီး စဉ်းစားဆင်ခြင်နိုင်စွမ်းကောင်းမွန်သည့်သူများဖြစ်ရန် လိုအပ်မည်ဖြစ်၊ လာမည့် ဒီဇင်ဘာလတွင် ရွေးကောက်ပွဲကို ကျင်းပသွားမည်ဖြစ်ပြီး မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး အတတ်နိုင်ဆုံးဆောင်ရွက်သွားမည်ဖြစ်၊ နိုင်ငံ၏အကျိုးအတွက် မဲပေးပိုင်ခွင့်ရှိသူများအားလုံး အမှန်တကယ်မဲပေးကြရန်အတွက်လည်း တာဝန်ရှိသူအဆင့်ဆင့်က နှုတ်အားဖြင့်သော်လည်းကောင်း၊ ကိုယ်အားဖြင့်သော်လည်းကောင်း အားလုံးဝိုင်းဝန်းကူညီကြိုးစား၍ တိုက်တွန်းစည်းရုံးဆောင်ရွက်ပေးရန်လို . . .**

စီးပွားရေးအရ အားနည်းချက်များရှိနေရခြင်းမှာ စီးပွားရေးလုပ်ဆောင်နိုင်မည့် အတတ်ပညာများ အားနည်းရခြင်းကြောင့် ဖြစ်ကြောင်း၊ အတတ်ပညာသည် အတန်းပညာကိုအခြေခံ၍ ဆောင်ရွက်ရသည်ဖြစ်သဖြင့် မိမိတို့အနေဖြင့်ပညာရေးကို မဖြစ်မနေ အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကိန်းဂဏန်း အချက်အလက်များအရ မိမိတို့အနေဖြင့် ပညာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **မိမိတို့အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများကို ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

**KG+ 9 အထိ မသင်မနေရပညာရေးအဖြစ် ရဲရဲဝံ့ဝံ့ ဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ နောင်လာမည့်အစိုးရသစ်လက်ထက်တွင်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အတန်းပညာအပြင် စည်းကမ်းနှင့် တိုင်းချစ်ပြည်ချစ်စိတ်များ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းလိုသည့် စိတ်ဓာတ်များလည်းရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကျောင်းနေခဲ့ရသူများအနေဖြင့် အခြေခံအားဖြင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သူများဖြစ်ကြပြီး ကျောင်းနေခဲ့ရခြင်းမရှိသူများအနေဖြင့် စိတ်ဓာတ်၊ စည်းကမ်းပိုင်းဆိုင်ရာများတွင် အားနည်းချက်များရှိမည်ဖြစ်ကြောင်း။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများအရ အခြေခံပညာအဆင့် ကျောင်းနေရာခိုင်နှုန်းမှာ နည်းပါးလျက်ရှိသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်ရှိနေသည်ကိုတွေ့ရပြီး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်မှုမရှိပါက အနာဂတ်တွင် တိုင်းပြည်ဒုက္ခရောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အထူးအလေးထား တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းတွင် နောင်ချိုဒေသ၌ တိုက်ပွဲများမရှိတော့သည့်အတွက် စာသင်ကျောင်းများ အမြန်ဆုံးဖွင့်လှစ်သင်ကြားနိုင်ရေး အထူးအလေးထားဆောင်ရွက်ရန် တိုက်တွန်းလုပ်ဆောင်ခဲ့ကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေးကို အလေးထား ဆောင်ရွက်ရန်တိုက်တွန်းခဲ့ပြီး ယခုအချိန်တွင် ကျောင်းသား၊ ကျောင်းသူ ဦးရေ ၁၂၀၀ ခန့် ပညာသင်ကြားနေသည်ဟု သိရသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ ထို့အတူ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အချို့သော စာသင်ကျောင်းများသည်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်နိုင်မှုမရှိသေးသည့်အတွက် ကျောင်းနေအရွယ်ကလေးငယ်များအနေဖြင့် ထိခိုက်နစ်နာလျက်ရှိကြောင်း၊ ထို့ကြောင့် ပညာရေးနှင့်ပတ်သက်၍ ထိထိရောက်ရောက် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် ပညာရေးနှင့်ပတ်သက်၍ စာသင်ကျောင်းအရေအတွက်၊ ပညာရေးဝန်ထမ်းအရေအတွက်ဆိုင်ရာများ လေ့လာဖော်ထုတ်ခဲ့ကြောင်း၊ တက္ကသိုလ်ကျောင်းများတွင် ဆရာ၊ ဆရာမ ခန့်အပ်ထားမှုများရှိသော်လည်း တက်ရောက်သည့်ကျောင်းသားအရေအတွက် နည်းသည်ကို တွေ့ရှိရသည့်အတွက် အုပ်ချုပ်မှုစရိတ်များပြားသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် အနာဂတ်ပညာတတ်လူငယ်များ များပြားလာစေရန်ရည်ရွယ်၍ ပညာရေးဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးတို့နှင့် တိုင်ပင်ဆွေးနွေး၍ Polytechnic တက္ကသိုလ်များဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် Polytechnic တက္ကသိုလ် ရှစ်ခု ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အတူ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာတွင် ဥပဒေဆိုင်ရာ၊ စီးပွားရေးဆိုင်ရာများနှင့်ပတ်သက်၍ သိရှိရန်လိုအပ်သဖြင့် တက္ကသိုလ်အားလုံးတွင် စီးပွားရေးနှင့်ဥပဒေပညာရပ်သင်ကြားပေးနိုင်ရေး BA (Law) နှင့် BA (Eco) ဘွဲ့များသင်ကြားနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း။

အလားတူ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ အခြေခံပညာအလယ်တန်းအဆင့် တတ်မြောက်ပြီးသူများ တက်ရောက်နိုင်ရေးအတွက် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်း ၈၆ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း ခရိုင်အဆင့်အားလုံး ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကျောင်းများအပြင် ကောလိပ်အဆင့်မှတစ်ဆင့် တက္ကသိုလ်အဆင့်ထိ တိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အတတ်ပညာနှင့်ပတ်သက်၍ ပညာရေးကိုအခြေခံသည့် အတတ်ပညာများဆည်းပူးနိုင်စေရန် လိုအပ်ကြောင်း၊ **အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စာသင်ကျောင်းများတွင် ပညာသင်ကြားနိုင်မှုမရှိအောင် ဆောင်ရွက်ခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများ မဖွင့်နိုင်အောင်၊ စီးပွားရေးမလုပ်နိုင်အောင် ဆောင်ရွက်ခြင်းသည် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ထိခိုက်စေရန်နှင့် ဒေသခံပြည်သူများ၏ဘဝများ ပျက်စီးအောင် ဆောင်ရွက်နေခြင်းသာဖြစ်**ကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးအပေါ် ထိခိုက်ပျက်စီးအောင် နှောင့်ယှက်နေသည့် လက်နက်ကိုင် သောင်းကျန်းသူများသည် ပြည်သူလူထု၏ အနာဂတ်ဘဝများကို အသိပညာမဲ့စွာ ရိုက်ချိုးဖျက်ဆီးနေမှုများဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မားရေးအတွက် ပညာရေးကိုအလေးထား ဆောင်ရွက်နေသကဲ့သို့ နောင်လာမည့် အစိုးရသစ်လက်ထက်တွင်လည်း ပညာရေးကို အားပေးဆောင်ရွက်စေရန် တိုက်တွန်းလိုကြောင်း။

လူတိုင်းသည် ကျန်းကျန်းမာမာဖြစ်အသက်ရှည်ကျန်းမာခြင်းကို လိုလားကြကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၉ နှစ်ဖြစ်ပြီး အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင် အားနည်းသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ အသက်ရှည် ကျန်းမာရေးနှင့်ပတ်သက်၍ ကောင်းမွန်သည့် နေထိုင်စားသောက်မှုပုံစံရှိရန် လိုအပ်မည်ဖြစ်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ဝစွာစားသောက်နိုင်အောင် ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးကို အားကောင်းလာအောင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပြည်သူတစ်ဦးချင်းစီအလိုက် ဝင်ငွေတိုးတက်လာမည်ဖြစ်ပြီး ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမှုအရ မိမိတို့နိုင်ငံအတွင်း နေထိုင်သူ လူဦးရေ ၅၁ ဒသမ ၃ သန်းကျော်ခန့်ရှိပြီး အလုပ်သမားဝန်ကြီးဌာန၏စာရင်းအရ ပြည်ပ၌အလုပ်လုပ်ကိုင်နေသူ ၃ ဒသမ ၄ သန်းခန့်ရှိသဖြင့် နိုင်ငံ၏ စုစုပေါင်းလူဦးရေမှာ ၅၄ သန်းကျော်ရှိကြောင်း၊ ၎င်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြကြောင်း၊ **ကျေးလက်နေသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိက ဆောင်ရွက်နေသူများဖြစ်သဖြင့်** ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ပြီး ဆင်းရဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကျေးလက်စီးပွားရေး မြှင့်တင်ရေးကို အလေးပေးဆောင်ရွက်ခဲ့ပြီး နောင်တွင် တာဝန်ထမ်းဆောင်သွားမည့် အစိုးရအနေဖြင့်လည်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ခြင်းကို ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း။

၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ဘဏ်၏တွက်ချက်မှုအရ မြန်မာနိုင်ငံ၏ ဆင်းရဲမှုနှုန်းသည် ၂၁ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ၄၉ ရာခိုင်နှုန်းဖြစ်သည်ဟု ထုတ်ပြန်ခဲ့ကြောင်း၊ အစိုးရအဆက်ဆက်တွင်လည်း နိုင်ငံ၏ ဆင်းရဲမှုလျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်များ ရှိကြောင်း၊ သို့ဖြစ်၍ လက်တွေ့ကျသည့်လုပ်ငန်းမှာ ကျေးလက်စီးပွားရေး မြှင့်တင်ပေးခြင်းဖြစ်သည့်အတွက် မိမိတို့အစိုးရလက်ထက်တွင် တွန်းအားပေးဆောင်ရွက်ခဲ့သကဲ့သို့ အစိုးရသစ်လက်ထက်တွင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်စေလိုကြောင်း၊ မွေးမြူရေးလုပ်ငန်းအနေဖြင့်

**စာမျက်နှာ ၁၈ သို့**

**စာမျက်နှာ ၁၇ မှအဆက်**

ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးတို့သည် မိမိတို့နိုင်ငံ ရေမြေသဘာဝနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ဆန်အဓိကထားစားသုံးသော်လည်း စားသောက်မှုပုံစံပြောင်းလဲ၍ ဂျုံကိုလည်း တွဲဖက်စားသုံးသင့်ကြောင်း၊ လက်ရှိကမ္ဘာ့နိုင်ငံအများစုတွင်လည်း ဂျုံကို ပြောင်းလဲစားသုံးလာကြသည်ကိုတွေ့ရကြောင်း၊ ပြည်ပမှ ဂျုံတင်သွင်းမှုအနေဖြင့် တစ်နှစ်လျှင် တန်ချိန်ငါးသိန်းခန့်ရှိသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံတွင် ဂျုံစိုက်ပျိုးမှုအနေဖြင့် ဧကပေါင်း ၁ ဒသမ ၃ သိန်း စိုက်ပျိုးလျက်ရှိပြီး ဂျုံလိုအပ်ချက် တန်ချိန် ငါးသိန်းရရှိရေးအတွက်ဆိုပါက စိုက်ပျိုးဧက ခြောက်သိန်းနီးပါး ထပ်မံစိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ဂျုံစိုက်ပျိုးရေးအတွက် တောင်သူများကိုလည်းအားပေးဆောင်ရွက်ရန်လိုကြောင်း၊ ဝါစိုက်ပျိုးမှုအနေဖြင့် လက်ရှိအချိန်တွင် ဧက ငါးသိန်းခန့် စိုက်ပျိုးနေကြောင်း၊ ပြည်တွင်းဝါလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့်အပြင် ပိုလျှံသည်များကိုလည်း ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ဝါစိုက်ပျိုးနိုင်ခြင်းကြောင့် ဝါကိုအခြေခံသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မည် ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ဝါးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် နှစ်စဉ် ဝါးတန်ချိန်များစွာထွက်ရှိနေသဖြင့် ဝါးကိုအခြေခံသည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် စက္ကူ၊ အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်မည်ဆိုပါက များစွာအသုံးဝင်သည့်အတွက် ကြိုးစားလုပ်ဆောင်စေလိုကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝက ပေးထားသည့် အရင်းအမြစ်များ များစွာရှိပြီး အမှန်တကယ်အလုပ်လုပ်၍ အကျိုးရှိရှိ အသုံးချနိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ အလုပ်အကိုင် ဖန်တီးပေးနိုင်ရေးအတွက်မှာ အစိုးရကဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် ရေရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ မြစ်ရေတင်စီမံကိန်းအတွက် လိုအပ်သည့် လျှပ်စစ်စွမ်းအင်ကို ဆိုလာစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း၊ **ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ စိုက်ပျိုးမြေ ၆ ဒသမ ၃၉ သန်း ဧကမြေနေရာများတွင် သီးထပ်စိုက်ပျိုးနိုင်ပါက ရွှေပုံပေါ်တွင်ထိုင်နေသည့် တိုင်းပြည်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်မည်ဖြစ်သဖြင့် အမှန်တကယ်အလုပ်လုပ်ရန်လို**ကြောင်း။

မိမိတို့အနေဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့် လေးနှစ်တာကာလအတွင်း လုပ်ငန်းရပ်များအားလုံးကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး အောင်မြင်သည်များရှိသကဲ့သို့ အားနည်းချက်များလည်း ရှိခဲ့ကြောင်း၊ စတင်တာဝန်ယူစဉ်က ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများအပါအဝင် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်စွန့်ခွာမှု DCS လုပ်ဆောင်မှုများရှိခဲ့သဖြင့် အခက်အခဲ၊ အကျပ်အတည်းများစွာနှင့် ရင်ဆိုင်ခဲ့ကြရကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲအကျပ်အတည်းများကြားမှ ယနေ့အခြေအနေသို့ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြပြီး ယင်းအတွေ့အကြုံများကို သင်ခန်းစာယူ၍ နောင်လာမည့်အစိုးရအတွက် အခြေခံအုတ်မြစ်ကောင်းကို ချပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

### ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး

နိုင်ငံရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့် လွှတ်တော် အတွေ့အကြုံများအရ လွှတ်တော်နှင့်ပတ်သက်၍ ယခုထက်ပိုမို စနစ်တကျဖြစ်သင့်သည်ဟု မိမိအနေဖြင့် ထင်မြင်ယူဆမိကြောင်း၊ **လွှတ်တော်သည် ဥပဒေပြုသည့်သူများ၏ နေရာဖြစ်သဖြင့် အခြေခံအားဖြင့် ပညာရေးကောင်းမွန်ပြီး စဉ်းစားဆင်ခြင်နိုင်စွမ်း ကောင်းမွန်သည့်သူများဖြစ်ရန် လိုအပ်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ဥပဒေပြင်ဆင်ချက်များကိုလည်း ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် ရွေးကောက်ပွဲသည် အဓိကကျကြောင်း၊ လာမည့်ဒီဇင်ဘာလတွင် ရွေးကောက်ပွဲကို ကျင်းပသွားမည် ဖြစ်ပြီး မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး အတတ်နိုင်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မဲပေးနိုင်ရန် အခက်အခဲရှိသူများအတွက်လည်း ကြိုတင်မဲများ ပေးနိုင်ရေးအတွက်လည်း ဥပဒေ ထုတ်ပြန်ပြီးဖြစ်ကြောင်း၊ **နိုင်ငံ၏အကျိုးအတွက် မဲပေးပိုင်ခွင့်ရှိသူများအားလုံး အမှန်တကယ် မဲပေးကြရန်အတွက်လည်း တာဝန်ရှိသူအဆင့်ဆင့်က နှုတ်အားဖြင့်သော်လည်းကောင်း၊ ကိုယ်အားဖြင့်သော်လည်းကောင်း အားလုံးဝိုင်းဝန်းကူညီကြိုးစား၍ တိုက်တွန်းစည်းရုံးဆောင်ရွက်ပေးရန်လို**ကြောင်း၊ ဆန္ဒမဲပေးခြင်း၊ မပေးခြင်းသည် မဲဆန္ဒရှင်များ၏ တာဝန်ဖြစ်ပြီး မဲပေးနိုင်အောင်ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏ တာဝန်ပင်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရေး အရေးကြီးသကဲ့သို့ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲကဲ့သို့ မဲမသမာမှုများ မဖြစ်ပေါ်စေရေး၊ ရွေးကောက်ပွဲအား မလိုလား၍ ဖျက်ဆီးမည့်သူများအန္တရာယ်မှ ကာကွယ်တားဆီးပေးနိုင်ရန်လိုအပ်ကြောင်း၊ ထိုသို့ကာကွယ်တားဆီးပေးနိုင်ရန်အတွက် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တာဝန်ပေးအပ်ဆောင်ရွက်ခြင်း၊ လိုအပ်ချက်အရ ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းခဲ့ပြီး ဆောင်ရွက်ခြင်း၊ ပြည်သူ့လုံခြုံရေး၊ ကာကွယ်ရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းများရှိသော်လည်း ၎င်းတို့ဖြင့် မလုံလောက်ဘဲ ပြည်သူလူထုတစ်ရပ်လုံးကလည်း တတ်စွမ်းသရွေ့ ဝိုင်းဝန်းကူညီကြိုးစားပူးပေါင်း ဆောင်ရွက်ပေးမှသာလျှင် ရွေးကောက်ပွဲအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မိမိတို့မျှော်မှန်းထားသည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လေးနှစ်ကျော်ကာလ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ **"ကျွန်တော်တို့ ဒီကာလပေါ့၊ လေးနှစ်ခွဲတာကာလအတွင်းမှာ လုပ်ငန်းအရပ်ရပ်အားလုံးကို အခက်အခဲပေါင်းစုံကနေပြီးတော့ ရင်ဆိုင်ကျော်လွှားပြီး ဒီလိုလက်ရှိအခြေအနေမျိုး ဖြစ်လာတဲ့အထိ ဝိုင်းဝန်းဆောင်ရွက်ပေးမှုများအတွက် တက်ရောက်လာကြတဲ့ လုပ်ဖော်ကိုင်ဖက်များ အားလုံးကို ကျေးဇူးတင်ပါတယ်၊ နောင်မှာလည်း ဆက်လျှောက်ရမယ့် ခရီးစဉ်တွေမှာလည်း ကျွန်တော်တို့ ဒီလိုပဲ အောင်အောင်မြင်မြင်ဖြစ်အောင် ဝိုင်းဝန်းကူညီပေးကြဖို့လည်း ကျွန်တော်တိုက်တွန်းလိုပါတယ်၊ ဆက်လျှောက်လှမ်းမယ့်ခရီး၊ နိုင်ငံတော်ရဲ့ရှေ့ခရီးကတော့ အများကြီးကျန်ပါသေးတယ်၊ ဒါတွေက ကျွန်တော်တို့က ဒုတိယစာမျက်နှာရဲ့ အစဖြစ်ပါတယ်၊ ပထမစာမျက်နှာကတော့ ကျွန်တော်တို့ ကျော်ခဲ့ပြီးပြီ၊ ဒုတိယစာမျက်နှာကို အစနဲ့ ကျွန်တော်တို့သွားတာပေါ့၊ ဒုတိယစာမျက်နှာအစမှာ ကျွန်တော်တို့ တကယ့်ကောင်းမွန်လှတဲ့ လက်ရေးလှလှလေးနဲ့ရေးပြီးတော့မှ အောင်မြင်အောင်ဆောင်ရွက်ပေးနိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့ အခက်အခဲပေါင်းစုံက ရင်ဆိုင်ပြီးတော့ လုပ်ရတဲ့လုပ်ရကျိုးကနေ ပိုပြီးလုပ်ရကျိုးနပ်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်၊ အားလုံးပဲ အစစအရာရာ အောင်မြင် တိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။ ကျေးဇူးလည်း အများကြီးတင်ပါတယ်"**ဟု ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တက်ရောက်လာကြသူများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့က တေးသံသာများဖြင့် တီးမှုတ်ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆောင်ခေါ်ရေးဗဟိုအဖွဲ့**

☆ **ကျောဖုံးမှအဆက်**

တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတိုက်ဖျက်ရန် ဦးဆောင်ကော်မတီကို ၂၀၂၂ ခုနှစ် ဇန်နဝါရီမှ စတင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို နှစ်လတစ်ကြိမ် ကျင်းပလာခဲ့သည်မှာ ယခုအခါ အကြိမ် ၂၀ မြောက်ရှိပြီဖြစ်ကြောင်း၊ ယခင်အစည်းအဝေး ၁၉ ကြိမ်ထိ ဆုံးဖြတ်ချက် ၆၅၃ ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယနေ့အစည်းအဝေး ကျင်းပရသည့် ရည်ရွယ်ချက် နှစ်ချက်ရှိကြောင်း၊ ပထမအချက်အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို ယခုထက်ပို၍ ထိထိမိမိဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း၊မှာကြားချက်အပေါ် မိမိတို့ကော်မတီအနေဖြင့်လည်း ယခုထက်ပို၍ ဖမ်းဆီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ မသမာမှုနည်းလမ်းပေါင်းစုံရှိနေမှုတို့ကို ဖော်ထုတ်ဖမ်းဆီးတိုက်ဖျက်နိုင်မှသာ တရားမဝင်ကုန်သွယ်မှုများသည် လျော့နည်းပပျောက်သွားမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများနှင့်ပတ်သက်၍ လအလိုက် နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များ၏ တရားမဝင်ကုန်ပစ္စည်းဖမ်းဆီးရရှိမှုသည် လစဉ်တိုးတက်များပြားလာကြောင်း၊ ထိုသို့ ဖမ်းဆီးရရှိမှုတိုးလာခြင်းသည် တရားမဝင်ကုန်ပစ္စည်းများ လအလိုက် နိုင်ငံအတွင်းသို့ နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်မှုများပြားနေခြင်းကိုလည်း ဖော်ပြနေကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုလုံးဝကင်းစင်သည်အထိ ယခုထက်ပိုမို၍ ကြပ်ကြပ်မတ်မတ် ဝိုင်းဝန်းဖော်ထုတ်ဖမ်းဆီးခြင်းများ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဒုတိယအချက်အနေဖြင့် ပုံမှန်ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်ရေးအချို့နေရာများ၌ ပို့ကုန်သွင်းကုန်မညီမျှမှုမဖြစ်စေရန်နှင့် ပို့ကုန်တန်ဖိုးနှင့်သွင်းကုန်တန်ဖိုး တန်းတူနီးပါးညီမျှမှုရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးတိုက်ဖျက်ရာတွင် နယ်မြေအခြေအနေအရ၊ လုံခြုံရေးအခြေအနေအရ နယ်စပ်ကုန်သွယ်ရေးစခန်းအချို့ကို ခေတ္တပိတ်ထားရကြောင်း၊ ထိုသို့ပိတ်ထားရသည့်အတွက် Normal Trade ကို ရေလမ်းကြောင်းမှတစ်ဆင့် အဓိကဆောင်ရွက်လျက်ရှိပါကြောင်း၊ Normal Trade တွင်လည်း ပို့ကုန်နှင့် သွင်းကုန်စစ်ဆေးကြပ်မတ်မှုနှင့်စာရင်းမှန်ကန်မှုတို့တွင် ယိုပေါက်များရှိကြောင်း၊ အလားတူနယ်စပ်ကုန်သွယ်ရေးကို ပိတ်ဆို့တားဆီးနေသော်လည်း နည်းမျိုးစုံဖြင့် တရားမဝင်တင်ပို့ခြင်း၊ တင်သွင်းခြင်းများ စသည့်တို့တွင် လစ်ဟာနေသည့်ယိုပေါက်များရှိနေသေးကြောင်း၊ ဇူလိုင်လအတွင်း မိမိတို့ဦးဆောင်ကော်မတီသို့ သတင်းပေးတိုင်ကြားမှုကြောင့် မြဝတီနယ်စပ်ဘက်မှ တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ် ၁၄၄ စီးမှာ ဘားအံမြို့မှ ဖြတ်၍ ရန်ကုန်ဘက်သို့ ညအချိန် တရားမဝင်ဖြတ်သန်းသွားမှု အခြေအနေကို သိရှိရ၍ ချက်ချင်း သက်ဆိုင်ရာအထူးအဖွဲ့များနှင့် OSS ဝန်ထမ်းများမှတစ်ဆင့် ပိတ်ဆို့ဖမ်းဆီးမှုကြောင့် ၁၃၂ စီးကို ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းမှ ပြန်လည်ဖမ်းဆီးနိုင်ခဲ့ကြောင်း။

ယင်းဖြစ်စဉ်နှင့် ဆက်စပ်လျက် သက်ဆိုင်ရာတာဝန်ကျ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်ပူးပေါင်းအဖွဲ့ဝင်များသည် တရားမဝင်တင်သွင်းလာသည့်ကုန်ပစ္စည်းများကို သိလျက်နှင့်ဖမ်းဆီးခြင်းမပြုခဲ့သကဲ့သို့ မော်တော်ယာဉ်အလိုက် တင်ဆောင်လာသည့် တရားမဝင်ကုန်ပစ္စည်းစာရင်းများကိုလည်း မှန်မှန်ကန်ကန်စစ်ဆေးခြင်း မရှိဘဲ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝမရရှိစေသည့် မသမာသောလုပ်ဆောင်ချက်များဖြင့် ဝန်ထမ်းတစ်ဦးချင်းအပါအဝင် မိမိအဖွဲ့အစည်း၏ ကိုယ်ကျိုးစီးပွားအလို့ငှာ ဆောင်ရွက်ခဲ့ကြောင်းကိုလည်း နောက်ဆက်တွဲဖော်ထုတ်တွေ့ရှိရသည့်အတွက် ပြင်းပြင်းထန်ထန်အရေးယူသွားမည်ဖြစ်ကြောင်း၊ အစည်းအဝေးများတွင် တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ ဝန်ထမ်းများက ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ပြုလုပ်ကြရန်အမြဲမှာကြားထားပြီးဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းတစ်ဦးချင်း၏ လုပ်ငန်းအပေါ်ထားရှိသည့် သစ္စာတရား၊ ဝန်ထမ်းဂုဏ်သိက္ခာနှင့် ထုတ်ပြန်ထားသည့်စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုမရှိခဲ့ကြသည့် ပါဝင်ပတ်သက်သူများကို ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်း၏ အရေးကိစ္စများတွင် မိမိပါဝင်ပတ်သက်သည့် အဖွဲ့အစည်းနှင့် ယှဉ်လာပါက အဖွဲ့အစည်းကိုသာ ဦးစားပေးရမည်ဖြစ်ကြောင်း၊ အဖွဲ့အစည်းနှင့် နိုင်ငံတော်ယှဉ်လာပါက နိုင်ငံတော်၏အရေးကိစ္စ၊ အကျိုးစီးပွားကိုသာဦးစားပေးရမည်ဖြစ်ကြောင်း၊ဝန်ထမ်းများအနေဖြင့် တရားမဝင်ကုန်သွယ်မှုလုပ်ဆောင်နေကြသူများ၏အသုံးချခံမဖြစ်ကြစေလိုကြောင်း၊ယင်းကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း အမြဲမပြတ် အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**နယ်စပ်မှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရေး ကြပ်ကြပ်မတ်မတ်ဖမ်းဆီးတိုက်ဖျက်ရေးနှင့် ပို့ကုန်တန်ဖိုးနှင့် သွင်းကုန်တန်ဖိုး ညီမျှမှုရှိစေရေး ကော်မတီအဖွဲ့ဝင်များနှင့် သက်ဆိုင်သူအားလုံး ပူးပေါင်းဝိုင်းဝန်းဆောင်ရွက်သွားရန်လို...**

**သက်ဆိုင်ရာဝန်ထမ်းများ၏ ယုံကြည်ချက်၊ ခံယူချက်များအား ပြုပြင်သင့်သည်များကို ပြုပြင်ပေးပြီး အရေးယူသင့်သည်များကိုလည်း ပြတ်ပြတ်သားသားအရေးယူဆောင်ရွက်သွားရန်လို...**

၂၀၂၅ ခုနှစ် ဇူလိုင် ၂ ရက်တွင် ကျင်းပပြုလုပ်သည့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **“MSMEs လုပ်ငန်းများအတွက်လည်း လိုအပ်သည့် ကုန်ကြမ်းများရရှိရေးမှာ အဓိကအရေးကြီးလိုအပ်ကြောင်း၊ ဒေသမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို အခြေခံသည့် MSMEs လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တစ်ဖက်မှလည်း နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုများ ပြုလုပ်ခြင်း၊ ဒေသအလိုက် တရားမဝင်သယံဇာတများ ထုတ်ယူခြင်းများကြောင့် နိုင်ငံတော်အနေဖြင့်များစွာထိခိုက်စေလျက်ရှိ၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေရန် လိုကြောင်း”** လမ်းညွှန်မှုပြုခဲ့ကြောင်း။

ဖမ်းဆီးရရှိမှုကို ကြည့်မည်ဆိုပါက ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ် ဇွန်လအထိ သုံးနှစ်နှင့် ခြောက်လတာကာလအတွင်း ဖမ်းဆီးရမိအမှုတွဲ ၂၅၂၃၁ မှု၊ ခန့်မှန်းတန်ဖိုးကျပ် ၆၆၃ ဒသမ ၉၁၉ ဘီလီယံ ဖမ်းဆီးရမိခဲ့ကြောင်း၊ ထိုသို့ဖမ်းဆီးရရှိခဲ့မှုသည် နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်ဆည်းရရှိခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဖမ်းဆီးရမိမှုများတိုးတက်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုပါကြောင်း၊ ထိုသို့ဖမ်းဆီးရမိခြင်းသည် တာဝန်ကျေပွန်စွာဖြင့် သစ္စာရှိရှိဆောင်ရွက်နေသည့် ဝန်ထမ်းများကြောင့်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း မိမိကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်၍ မသမာသောလုပ်ရပ်များဖြင့် ပါဝင်ပတ်သက်နေသည့်သစ္စာမဲ့ဝန်ထမ်းများရှိသည့်အတွက် စိစစ်ဖော်ထုတ်အရေးယူသွားရမည်ဖြစ်ကြောင်း။

ဖမ်းဆီးရရှိမှုများကို ကြည့်မည်ဆိုပါက မေလနှင့် ဇွန်လများအတွင်း ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က အများဆုံး၊ ရှမ်းပြည်နယ်က ဒုတိယအများဆုံးနှင့်စစ်ကိုင်းတိုင်းဒေသကြီးက တတိယအများဆုံး ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကို စိစစ်ရာတွင် လိုင်စင်မဲ့မော်တော်ယာဉ်၊ တရားမဝင်ကုန်စည်တင်မော်တော်ယာဉ်နှင့် ရေယာဉ်ဖမ်းဆီးရရှိမှုများက အများဆုံးဖြစ်ပြီး လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများက ဒုတိယအများဆုံးနှင့်တတိယအများဆုံးက ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများဖြစ်သည်ကို တွေ့ရှိရကြောင်း။

တရားဝင်လမ်းကြောင်းများမှ ဝင်ရောက်လာသည့်ဆောက်လုပ်ရေးသုံးပစ္စည်းများအပါအဝင် အခြားကုန်ပစ္စည်းများကို ဝန်ကြီးဌာနအလိုက် သတ်မှတ်ထားသည့် စံချိန်စံညွှန်း၊ အရည်အသွေးများကိုက်ညီမှုရှိရန်လိုအပ်သည့်အပြင် တာဝန်ကျဝန်ထမ်းများက စစ်ဆေးကြပ်မတ်ရမည်ဖြစ်ကြောင်း၊ စစ်ဆေးကြပ်မတ်ရမည့် ဝန်ထမ်းများကလည်း ဘာသာရပ်အလိုက် ကျွမ်းကျင်မှုရှိပြီး မျက်မြင်စစ်ဆေးခြင်းထက် ခေတ်မီစက်ကိရိယာများဖြင့် စစ်ဆေးသွားရန်လိုကြောင်း၊ သို့မှသာ ဝင်ရောက်လာသည့်အရည်အသွေးပြည့်မီသည့်ပစ္စည်းများသည် အမှန်တကယ်သုံးစွဲမည့်ပြည်သူများလက်ဝယ်သို့ ရောက်ရှိအသုံးပြုနိုင်မည်ဖြစ်ကြောင်း။

တရားမဝင် ကုန်သွယ်မှုများသည် ကမ္ဘာ့နိုင်ငံအများစုတွင် အဓိကမူဝါဒရေးရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ကြုံတွေ့နေသည်ကို သိရှိရကြောင်း၊ တရားမဝင်ကုန်သွယ်မှုများသည် မြေပြင်တွင် တရားမဝင်နည်းလမ်းများနှင့် ကုန်သွယ်မှုပြုနေကြသကဲ့သို့ အွန်လိုင်းမှတစ်ဆင့်လည်း ပုံစံမျိုးစုံဖြင့် ဆောင်ရွက်နေကြသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရေး တားဆီးစစ်ဆေးရာတွင် နည်းပညာအကူအညီရယူ၍ လိုအပ်သည့်သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ထိုသို့ တရားမဝင်ကုန်သွယ်မှုများကို နိုင်ငံတော်အတွက် တားဆီးတိုက်ဖျက်ရန် မိမိတို့ဦးဆောင်ကော်မတီနှင့်ပြည်နယ်နှင့်တိုင်းဒေသကြီးတွင်ရှိသည့် တရားမဝင်ကုန်သွယ်မှု အထူးအဖွဲ့များ၊ ကော်မတီများအောက်တွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းအားလုံး၏ တာဝန်ဖြစ်ကြောင်း။

ဆက်လက်၍ ယခုဇူလိုင် ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ရှိ ညောင်ခါးရှည်စစ်ဆေးရေးဂိတ်ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး သွင်းကုန်ယာဉ်စစ်ကွင်းတွင် ကုန်တင်မော်တော်ယာဉ်လေးစီးနှင့် ယာဉ်ငယ်များကို သီးခြားယာဉ်စစ်စင်ဖြင့် နှစ်စီးတစ်ပြိုင်နက်တည်း စစ်ဆေးနိုင်ခြင်း၊ ပို့ကုန်ယာဉ်စစ်ကွင်းတွင် ကုန်တင်မော်တော်ယာဉ်နှစ်စီးနှင့် ယာဉ်ငယ်များကို နှစ်စီး တစ်ပြိုင်နက်တည်း စစ်ဆေးနိုင်ခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ လျှော့ချနိုင်မည့်အပြင် စစ်ဆေးချိန်ကြာမြင့်မှုများကို လျှော့ချနိုင်ပြီဖြစ်ကြောင်း၊ အဆိုပါဂိတ်မှ တရားမဝင်ပစ္စည်းများကို နည်းမျိုးစုံဖြင့် တင်သွင်းရန် ကြိုးစားသော်လည်း ကျွမ်းကျင်ဝန်ထမ်းများ၏ စစ်ဆေးမှုကြောင့် လက်နက်ခဲယမ်းအပါအဝင် တရားမဝင်ကုန်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့ကြောင်း၊ တာဝန်ထမ်းဆောင်နေကြသည့်ဝန်ထမ်းများအနေဖြင့် မိမိအဖွဲ့အစည်းအကျိုး၊ နိုင်ငံတော်အကျိုးအတွက် သစ္စာရှိရှိတာဝန်ထမ်းဆောင်ကြရန် ထပ်မံသတိပေး တိုက်တွန်းပြောကြားလိုကြောင်း၊ သတိပြုရန်အချက်မှာ လုံခြုံရေးအပိုင်းသည် အရေးကြီးသည့်အတွက် စစ်ဆေးရေးဂိတ်တွင် တာဝန်ထမ်းဆောင်နေကြသည့်ဝန်ထမ်းတစ်ဦးချင်းအနေဖြင့် လုံခြုံရေးအသိ၊လုံခြုံရေးသတိရှိရန်လိုအပ်သကဲ့သို့ အဖွဲ့အစည်း၏လုံခြုံရေးကို နယ်မြေဒေသရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း။

နိုင်ငံတကာတွင် တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ Transnational Alliance to Combat Illicit Trade (TRACIT) နိုင်ငံဖြတ်ကျော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး မဟာမိတ်အဖွဲ့၏ ဖော်ပြချက်အရ တရားမဝင်ကုန်သွယ်မှုများသည် နှစ်စဉ်အမေရိကန်ဒေါ်လာဘီလီယံ ၄၆၀ ထက် မနိမ့်ကျဘဲ ဆက်လက်ဖြစ်ပွားနေသည်ကိုသိရှိရကြောင်း၊ ယင်းသည် တရားမဝင်ငွေကြေးစီးဆင်းမှုမှတစ်ဆင့် သွားနေကြခြင်းဖြစ်သည့်အတွက် တရားမဝင်ကုန်သွယ်မှုများမရှိစေရေးတိတိကျကျစစ်ဆေးဖော်ထုတ်သွားကြရမည်ဖြစ်ကြောင်း။

အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများပြုလုပ်ရာတွင် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများရှိနေသည့်အတွက် နိုင်ငံတော်အတွက် အခွန်အခမှတစ်ဆင့် ဘဏ္ဍာငွေရရှိမှု များစွာနစ်နာဆုံးရှုံးမှုများရှိကြောင်း၊ပြည်ပသို့တင်ပို့သည့် ပို့ကုန်နှင့် ပြည်တွင်းသို့ တရားဝင် ဝင်ရောက်လာသည့်သွင်းကုန်မှာ ညီမျှမှုမရှိဘဲကွာခြားမှုများရှိနေသည်ကို တွေ့ရှိရကြောင်း၊ ပြီးခဲ့သည့်ဧပြီလတွင် မြဝတီကုန်သွယ်ရေးဇုန်မှတစ်ဆင့် တစ်ဖက်ထိုင်းနိုင်ငံသို့ တင်ပို့သည့် ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅၉၂ သန်းဖြစ်ပြီး ထိုင်းနိုင်ငံဘက် သွင်းကုန်တန်ဖိုးမှာ ၂၁ ဒသမ ၉၈၂ သန်းဖြစ်သည့်အတွက် ကိုးသန်းကျော်ကွာခြားလျက်ရှိကြောင်း၊သွင်းကုန်ပိုင်းတွင် စာရင်းအရ ထိုင်းဘက်မှ ပို့ကုန်တန်ဖိုးသည် ၁၁၃ ဒသမ ၉၇ သန်းဖြစ်ပြီး မိမိတို့ဘက်မှ သွင်းကုန်လက်ခံတန်ဖိုးမှာလည်း ခြောက်သန်းကျော်သာရှိသည့်အတွက် ၁၀၇ သန်းကျော် ကွာခြားလျက်ရှိကြောင်း၊ ယင်းအတွက် နှစ်နိုင်ငံအစိုးရအချင်းချင်း ကုန်သွယ်မှုအချိုးတူညီစေရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိသကဲ့သို့ သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့များကလည်း သစ္စာရှိရှိစစ်ဆေးဆောင်ရွက်ကြရန်လိုအပ်ပြီး တာဝန်ရှိသူများကလည်း ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ ထိုသို့ ကုန်သွယ်မှုတန်ဖိုးမညီမျှမှုကြောင့် နိုင်ငံတော်က ရရှိမည့် အခွန်အခများမှာ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာနစ်နာသကဲ့သို့ အဆိုပါတရားမဝင် ပို့ကုန်၊ သွင်းကုန်တန်ဖိုးအတွက် သုံးစွဲလိုက်သည့် နိုင်ငံခြားသုံးငွေ၊ ရရှိလာသည့် နိုင်ငံခြားသုံးငွေတို့မှ အဆိုပါတရားမဝင်ကုန်သွယ်မှုကို သစ္စာမဲ့နိုင်ငံ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်၏ နိုင်ငံခြားသုံးငွေ များစွာနစ်နာသကဲ့သို့ တရားမဝင်ရရှိလာသည့် နိုင်ငံခြားသုံးငွေများလည်း Cryptocurrency ကဲ့သို့ တရားမဝင်ငွေကြေးစီးဆင်းမှုမှတစ်ဆင့် မိမိတို့နိုင်ငံ၏ နိုင်ငံခြားငွေရရှိနိုင်မှုကိုလည်း များစွာထိခိုက်နစ်နာစေခြင်း၊ တရားမဝင် ကုန်ပစ္စည်းများကြောင့် မှောင်ခိုရောင်းဝယ်မှု၊ အရည်အသွေးပြည့်မီမှုမရှိသည့် သွင်းကုန်ပစ္စည်းများမှတစ်ဆင့် ပြည်တွင်းသုံးစွဲသူများအတွက် ထိခိုက်နစ်နာစေခြင်းအပြင် ကုန်ဈေးနှုန်း ကမောက်ကမဖြစ်စေခြင်းနှင့် ပြည်တွင်းလုပ်ငန်းရှင်များ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကိုလည်း လျော့ကျစေခြင်း၊ ၎င်းမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများဆုံးရှုံးစေခြင်းနှင့် ကုန်ထုတ်စွမ်းအားလျော့ကျခြင်း၊ ပို့ကုန်လျော့ကျခြင်း စသည့် ပြဿနာများကို ဖြစ်စေသည်အထိစဉ်းစားသုံးသပ်ပြီး သက်ဆိုင်ရာအထူးအဖွဲ့များအလိုက် ထိထိမိမိဖမ်းဆီးဖော်ထုတ်ကြရန် တိုက်တွန်းလိုကြောင်း။

သတင်းပေးကိစ္စနှင့် ပတ်သက်ပြီး လာရောက်သတင်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ သတင်းလာရောက်ပေးသည့်သတင်းများကိုလည်း မှန်၊မမှန် မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများနှင့် အလေးထားစဉ်းစားဆုံးဖြတ် ဆောင်ရွက်ကြစေလိုကြောင်း၊ သတင်းပေးသည့်သူများကိုလည်း နိုင်ငံတော်က ထိုက်တန်စွာ ဆုချီးမြှင့်မှုများ ဆောင်ရွက်လျက်ရှိရာ အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအသိပညာပေးခြင်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ကရင်ပြည်နယ် ဘားအံမြို့မှ သတင်းပေးသည် သက်ဆိုင်ရာနယ်မြေရှိ တာဝန်ရှိသူများထံ သတင်းမပေးဘဲ ဦးဆောင်ကော်မတီသို့ သတင်းပေးခြင်းသည် အဆိုပါနယ်မြေရှိတာဝန်ရှိသူများကို ယုံကြည်မှုလျော့နည်းမှုကြောင့်ဖြစ်သည်ကို ထင်ရှားစွာတွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့မဖြစ်စေရေး တရားမဝင်ကုန်သွယ်မှုတားဆီးရေးတွင် အဓိကအရေးပါသည့် သတင်းပေးသူများ ယုံကြည်မှုမပျက်စီးစေရေးကိုလည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နယ်စပ်မှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရေးကြပ်ကြပ်မတ်မတ် ဖမ်းဆီးတိုက်ဖျက်ရေးနှင့် ပို့ကုန်တန်ဖိုးနှင့် သွင်းကုန်တန်ဖိုးညီမျှမှုရှိစေရေးကော်မတီအဖွဲ့ဝင်များနှင့် သက်ဆိုင်သူအားလုံး ပူးပေါင်းဝိုင်းဝန်း ဆောင်ရွက်သွားရန် လိုကြောင်း၊ သက်ဆိုင်ရာဝန်ထမ်းများ၏ ယုံကြည်ချက်၊ခံယူချက်များအား ပြုပြင်သင့်သည်များကို ပြုပြင်ပေးပြီး အရေးယူသင့်သည်များကိုလည်း ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားရန် လိုကြောင်းနှင့် တက်ရောက်လာကြသူများအနေဖြင့် တရားမဝင် ကုန်သွယ်မှုကိစ္စများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးလိုသည်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီအစည်းအဝေး(၂/၂၀၂၅) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ထူးခြားဖမ်းဆီးရမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၂၀ သို့**

# နောင်ချိုမြို့ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်သင်ကြား ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အခြေခံပညာကျောင်းများအား တစ်နှစ်နီးပါးပိတ်ထားခဲ့ရပြီး ဇူလိုင် ၂၅ ရက်မှစ၍ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအားစာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



နောင်ချိုမြို့အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်လက်ခံစဉ်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက်ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများကို ဖွင့်လှစ်ပညာသင်ကြားပေးလျက်ရှိရာ ယနေ့တွင်လည်း ကျောင်းသား၊ ကျောင်းသူ ၁၇၃၃ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည့်အပြင် ထပ်မံလာရောက်ကျောင်းအပ်နှံသူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကျောင်းအပ်လက်ခံခြင်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



နောင်ချိုမြို့ရှိအခြေခံပညာကျောင်းပတ်ဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

ထို့ပြင် တပ်မတော်မှ ဆရာဝန်များက ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ဒေသခံ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံ တိုင်းရင်းသားပြည်သူ ၂၈၂ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။

၎င်းပြင် နောင်ချိုမြို့ပေါ်ရှိ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော်ဆယ်တင်ပေးခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ဆိုက်ဘာလုံခြုံရေးဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၁၁၃ / ၂၀၂၅**
၁၃၈၇ ခုနှစ် ဝါခေါင်လဆန်း ၆ ရက်
(၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၀ ရက်)

**ဆိုက်ဘာလုံခြုံရေးဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၂၅ ဖြင့် ပြဋ္ဌာန်းခဲ့သော ဆိုက်ဘာလုံခြုံရေးဥပဒေသည် ၂၀၂၅ ခုနှစ် ဇူလိုင် ၃၀ ရက်မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၂ အရ သတ်မှတ်လိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

စာမျက်နှာ ၁၉ မှအဆက်

ယင်းနောက် ဦးဆောင်ကော်မတီ ရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်ထွန်း၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာရဲမြင့်တို့က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၅)သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးထွန်းအုံ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက တရားမဝင်ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးဆောင်ရွက်နေမှုအခြေအနေ၊ ရှောင်ကွင်းလမ်းကြောင်းများ၌ ပိတ်ဆို့တားဆီးရှာဖွေစစ်ဆေးခဲ့မှုအခြေအနေ၊တရားမဝင်ထိန်းချုပ်ခာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးများ၊လက်နက်ခဲယမ်းများ၊သစ်များ၊ယာဉ်များ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ ဖမ်းဆီးရမိမှု၊ အဆိုပါဖမ်းဆီးရမိမှုများအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိမှု၊ အဆိုပါဖမ်းဆီးရမိသည့်ပစ္စည်းများ ပျက်စီးပျောက်ဆုံးမှုနှင့် လေလွင့်ဆုံးရှုံးမှု မရှိစေရေး အမှုတွဲများ အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့်ရရှိရေးဆိုင်ရာကိစ္စရပ်များ၊ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုဆိုင်ရာ အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

နေပြည်တော် ဇူလိုင် ၂၀

၂၀၂၅ ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ်အားကစားကွင်း (မင်္ဂလာဒုံ)၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများနှင့်အတူ အဖွင့်ပွဲစဉ်ဖြစ်သည့် မှော်ဘီတပ်နယ်အသင်းနှင့် အင်းတိုင်တပ်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဩဂုတ် ၈ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

## ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာအချက်အလက်များ သိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

နေပြည်တော် ဇူလိုင် ၂၀

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားရစ်ချ်တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်းလှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများသိရှိနိုင်စေရန်၊ ငလျင်လှုပ်




ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့်ဖြစ်စဉ်များကို မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အလှူရှင်များမှ လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများနှင့် အလှူငွေများ ထိရောက်စွာလှူဒါန်းနိုင်ရန်တို့အတွက် www.myanmarearthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းမှ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့်ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။ ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်များနှင့်ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများကို ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊CB Pay၊ AYA Pay၊OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာတိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များအနေဖြင့်လည်း Visa Card၊ Master Card များ အသုံးပြု၍ လှူဒါန်းနိုင်သည်။

Website နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ၀၆၇-၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# လွိုင်လင်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရပြည့် စားသောက်ဖွယ်ရာများကို အသီးသီးပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရပြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ထို့ပြင် နယ်မြေခံတပ်မတော်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ကျန်းမာရေးစစ်ဆေးပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# တောင်ကြီးမြို့နယ်ရှိ ရေဘေးသင့်သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများပေးအပ်

နေပြည်တော် ဇူလိုင် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့ လှိုင်ဘုံသာရပ်ကွက်အတွင်းရှိ သာသနောဒယပရိယတ္တိစာသင်တိုက်မှ သံဃာတော်များနှင့်ရတနာရပ်ကွက်၊ မင်္ဂလာရွှေဂူရပ်ကွက်တို့မှ ရေဘေးသင့်ပြည်သူများကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်မတော်ဆေးရုံမှ ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်ရှိ မြစန္ဒာဓမ္မဗိမာန်ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၆ ပါးနှင့် ရေဘေးသင့်ဒေသခံပြည်သူ ၂၂၅ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေး ရောဂါ၊ ဆီးချိုရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များနှင့် ဒေသခံပြည်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းနှင့် တာဝန်ရှိသူများကိုကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် သာသနောဒယပရိယတ္တိစာသင်တိုက်ကျောင်း ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်း ရေဘေးသင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

# တိုက်ကြီးမြို့နယ်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇူလိုင် ၂၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အင်းလန်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဓမ္မသဟာယကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ၌ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူဦးရေ ၁၀၀ တို့ကို အရိုးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ဆရာတော်အား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၀

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် နှစ်ပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁၂ ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ ဘီးလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ရန်နှင့် တောင်ငူမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## ၂၀၂၅ ခုနှစ် ဇူလိုင် ၂၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် နေ့အပူချိန်များ

၂၀ - ၇ -၂၀၂၅

| | | | | |
|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၆ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ဟုမ္မလင်း | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မော်လိုက် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေဘို | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# တပ်မတော်၏အောင်မြင်မှုများသည် ပြည်သူတို့၏အောင်ပွဲအစစ်အမှန်ဖြစ်သည်

**ဘုန်းမောင်ဝင်း(ဖျာပုံ)**



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် သပိတ်ကျင်းမြို့မရဲစခန်းအား ပြန်လည်ထိန်းချုပ်နိုင်မှု မှတ်တမ်းဓာတ်ပုံ။

မြန်မာ့သမိုင်းကို ပြန်ပြောင်းလေ့လာတိုင်း တပ်မတော်၏အခန်းကဏ္ဍကို ထင်ရှားစွာမြင်တွေ့ရသည်။ မြန်မာနိုင်ငံသည် ကိုလိုနီနိုင်ငံအဖြစ်ရှိနေစဉ် မြန်မာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်မည်ဆိုပါက တပ်မတော်တစ်ရပ်မဖြစ်မနေလိုအပ်လာသည်ကို သိရှိလာကြသည်။ ယခင်က မိမိတို့တွင် ရရာလက်နက်များဖြင့် တိုင်းတစ်ပါးအုပ်စိုးသူတို့ကို တော်လှန်တိုက်ခိုက်ခဲ့သော်လည်း လက်နက်အင်အား၊ လူအင်အားမညီမျှ၍ အောင်မြင်မှုပန်းတိုင်နှင့် ဝေးကွာခဲ့သည်။ ဤသည်ကို သင်ခန်းစာယူကာ နိုင်ငံတွင်ခိုင်မာအားကောင်းသော မြန်မာ့တပ်မတော်တစ်ရပ် ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်ရန် စဉ်းစားဆုံးဖြတ်လာခြင်းဖြစ်သည်။

တပ်မတော်တစ်ရပ်ပေါ်ထွန်းလာခဲ့သည်မှာ လွယ်လွယ်ကူကူအောင်မြင်ခဲ့သည်မဟုတ်ပေ။ လျှို့ဝှက်စွာလှုပ်ရှားဆောင်ရွက်ရခြင်းဖြစ်၍ သခင်အောင်ဆန်း ဦးဆောင်သောလူငယ်ဦးရေ၃၀ တို့မှာ မိမိတို့စစ်ပညာသင်ကြားမည့်နေရာသို့ အသုတ်လိုက်ခွဲကာ သွားရောက်ခဲ့ကြရသည်။ ဂျပန်တို့ထံတွင် ပင်ပန်းဆင်းရဲစွာ စစ်အတတ်ပညာများ၊ အုပ်ချုပ်မှုပညာများ သင်ယူတတ်မြောက်လာသည့်အခါ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA)ကို စတင်ဖွဲ့စည်းခဲ့ကြသည်။ အဆိုပါ ဗမာ့လွတ်လပ်ရေး တပ်မတော်သည် လွတ်လပ်ရေးတိုက်ပွဲဝင်ရန်အတွက် ဂျပန်များနှင့်အတူ မြန်မာနိုင်ငံသို့ စစ်ကြောင်းများခွဲကာ ပြန်လည်ဝင်ရောက်လာကြသည်။ နယ်ချဲ့အုပ်ချုပ်နေသော အင်္ဂလိပ်တို့ကို ဂျပန်တပ်များနှင့်အတူ တိုက်ခိုက်ချေမှုန်းခဲ့သည်။

ထိုစဉ်က ဗမာ့လွတ်လပ်ရေးတပ်မတော်၏အင်အားမှာ ငါးသောင်းခန့်ရှိနေပြီဖြစ်သည်။ မြန်မာတို့သည် အရေးကြီးလျှင် သွေးနီးသည်ဆိုသည့်အတိုင်း နိုင်ငံလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန် စစ်တိုက်နိုင်သူမှန်သမျှ တပ်မတော်သို့ အလုအယက်ဝင်ရောက်ကြသည်။ ဘုန်းတော်ကြီးများသည်ပင်လျှင် လူဝတ်လဲကာ လွတ်လပ်ရေးတိုက်ပွဲတွင် ပါဝင်ခဲ့ကြသည်။ ထို့အတူ ကျောင်းသား၊ ကျောင်းသူများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများသည်လည်း အားတက်သရောပါဝင်ကြသည်။ မိမိအရေးထက် နိုင်ငံ့အရေးကို ဦးစားပေးခဲ့ကြသည်။ နယ်ချဲ့အင်္ဂလိပ်တို့ ဆုတ်ခွာသွားချိန်တွင် ဂျပန်တို့အနေဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော်၏ကြီးထွားလာသောစစ်အင်အားကို စိုးရိမ်လာသည့်အတွက် လွတ်လပ်ရေးတပ်မတော်မှ ကာကွယ်ရေးတပ်မတော်သို့ အမည်ပြောင်းကာ တပ်မတော်အင်အားကိုလည်း များစွာ လျှော့ချပစ်ခဲ့သည်။

ဂျပန်တို့က မြန်မာနိုင်ငံကိုအတုအယောင်လွတ်လပ်ရေး သို့မဟုတ် ရွှေရည်စိမ် လွတ်လပ်ရေးပေးခဲ့ပြီး မြန်မာတိုင်းရင်းသားတို့အပေါ် ဖက်ဆစ်စနစ်ဖြင့်အုပ်ချုပ်ခဲ့သည်။ တပ်မတော်နှင့် မြန်မာပြည်သူတစ်ရပ်လုံးက လွန်စွာဆိုးရွားလှသော ဖက်ဆစ်တို့ကို ပြန်လည်မောင်းထုတ်နိုင်ရန် လျှို့ဝှက်စီစဉ်နေစဉ်အတွင်း ဒုတိယကမ္ဘာစစ်တွင် အင်္ဂလိပ်တို့ အရေးသာသည့်အတွက် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် မြန်မာ့တပ်မတော်သည် ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ဖက်ဆစ်တော်လှန်ရေးကြီးကို စတင်ဆင်နွှဲခဲ့သည်။ အောင်မြင်မှုများစွာရရှိခဲ့သည်။ မြန်မာ့တပ်မတော်၏ တိုက်စွမ်းရည် တိုက်စွမ်းအားကို နယ်ချဲ့တို့ကပင် လေးစားခဲ့ကြရသည်။ နောက်ဆုံးတွင် နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးပေးခဲ့ရသည်။ လွတ်လပ်ရေးရရှိအောင်စွမ်းဆောင်မှုတွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော တပ်မတော်သည် အဓိကအခန်းကဏ္ဍတွင်ပါဝင်ခဲ့၍ အောင်မြင်မှုများစွာ ရရှိခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေးရရှိသည့်အခါ မြန်မာနိုင်ငံ၏အခြေအနေမှာ တည်ငြိမ်အေးချမ်းပြီး စိတ်ချမ်းသာဖွယ်ကောင်းသည့်အခြေအနေ မဟုတ်ပေ။ ရောင်စုံသောင်းကျန်းသူတို့ ထူပြောကာ နယ်မြေဒေသများစွာကို ရောင်စုံသောင်းကျန်းသူတို့ လွှမ်းမိုးထားသည်။ နောက်ဆုံးတွင် ထိုစဉ်က နိုင်ငံတော်အစိုးရ၏ အာဏာစက်မှာ ရန်ကုန်မြို့ကွက်ကွက်ကလေးသာ ကျန်ရှိတော့သည်။

ထိုအခြေအနေမျိုးတွင် တပ်မတော်သည် တိုက်ရင်းလေ့ကျင့်၊ လေ့ကျင့်ရင်းတိုက် ဟူသော ဆောင်ပုဒ်ကိုစွဲကိုင်ကာ တပ်မတော်အင်အား များပြားရရှိအောင် စုစည်းရင်း သောင်းကျန်းသူများကို ချေမှုန်းခဲ့ရသည်။ ပြည်တွင်းသောင်းကျန်းမှု အောင်မြင်စွာချေမှုန်းနေစဉ်မှာပင် ပြည်ပကျူးကျော်မှုကို ရင်ဆိုင်ရပြန်သည်။ အဆိုပါ ပြည်ပကျူးကျော်မှုကိုလည်း တပ်မတော်က အောင်မြင်စွာတိုက်ထုတ်နိုင်ခဲ့သည်။

ဤအဖြစ်အပျက်များမှာ မျိုးဆက်သစ်လူငယ်အဆက်ဆက်တို့ သိထားရမည့် တပ်မတော်၏ စွမ်းဆောင်ချက်ဖြစ်စဉ်အမှန်များဖြစ်သည်။ နိုင်ငံအတွက် တပ်မတော်တစ်ရပ်ရှိနေ၍ နိုင်ငံလွတ်လပ်ရေးပြန်လည်ရရှိခဲ့သည်။ တပ်မတော်တစ်ရပ်ရှိနေ၍ ရရှိထားသောလွတ်လပ်ရေး ပြန်လည်မဆုံးရှုံးခြင်းဖြစ်သည်။ ဤသည်မှာ ငြင်းချက်မထုတ်နိုင်သော အမှန်တရားဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲသည် မြန်မာ့သမိုင်းကို အကျည်းတန်စေခဲ့သည်။ မဲလိမ်မဲခိုးမှုနှင့် တရားမဲ့ပြုကျင့်မှုများ ထင်ရှားစွာဖြစ်ပေါ်ခဲ့သည်။

ထိုစဉ်က တာဝန်ရှိခဲ့သည့် အစိုးရ၊ ရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာပါတီတို့အနေဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးကို ငဲ့ညှာထောက်ထားလျှင် ပေါ်ပေါက်လာသည့် ပြဿနာများကို ပြေလည်အောင် ဖြေရှင်းပေးကြရမည်ဖြစ်သည်။ ထိုသို့ ဖြေရှင်းပေးခြင်းမရှိခဲ့သည့်အတွက် ၂၀၂၁ ခုနှစ်တွင် နိုင်ငံရေးအပြောင်းအလဲ ပေါ်ပေါက်လာရခြင်းဖြစ်သည်။ အဆိုပါ အပြောင်းအလဲ ကာလတွင်လည်း သက်ဆိုင်ရာပါတီဝင်များအနေဖြင့် တရားဥပဒေဘောင်အတွင်းက ရင်ဆိုင်ဖြေရှင်းကာ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြန်လည်ဝင်ရောက်အရွေးခံကြရမည်သာဖြစ်သည်။ နည်းမှန်လမ်းမှန်ကို လျှောက်လှမ်းရမည့်အစား လူငယ်လူရွယ်များကို စည်းရုံးကာ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ဆောင်ရွက်စေခဲ့သည်။ အဆိုးရွားဆုံးသောလုပ်ရပ်မှာ မိမိနှင့်အမြင်မတူသည့်ပြည်သူများကို သတ်ဖြတ်ခြင်း၊ နိုင်ငံ့ဝန်ထမ်းများကို သတ်ဖြတ်ခြင်း၊ သာသနာတော်အတွက် ကြိုးပမ်းအားထုတ်နေသည့် ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များကို သတ်ဖြတ်ခြင်း၊ ဆရာ၊ ဆရာမများကို သတ်ဖြတ်ခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို လုယက်ယူငင်ခြင်း၊ အကြမ်းဖက် မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းလုပ်ရပ်များကို လုပ်ဆောင်ကြခြင်းဖြစ်သည်။ ပြည်သူများအတွက် အော့နှလုံးနာ ရွံရှာစက်ဆုပ်ဖွယ်ရာများကို လုပ်ဆောင်ခဲ့သည်။

အဆိုပါ ဆင်ခြင်ဉာဏ်ကင်းမဲ့သော လူငယ်လူရွယ်များကို တိုင်းရင်းသားအမည်ခံ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းအချို့က ဖောက်ခွဲဖျက်ဆီးရေးနည်းလမ်းများသင်ပေးခဲ့သည်။ ကောင်းမွန်သော၊ ပြည်သူကိုအကျိုးပြုသော သင်တန်းမျိုးမဟုတ်ဘဲ ဖောက်ခွဲဖျက်ဆီးလူသတ်နည်းသင်တန်းများပေးခဲ့ပြီး PDF အမည်တပ်ပေးလိုက်ကြသည်။ ထို့ကြောင့် PDF အမည်ခံအကြမ်းဖက်များ ပေါ်ပေါက်လာခြင်းဖြစ်သည်။



တပ်မတော်စစ်ကြောင်းများက ကျုံဒိုး - ကော့ကရိတ် ပြည်ထောင်စုကားလမ်းမကြီးအား ပြန်လည်ထိန်းချုပ်ရရှိသည့် မှတ်တမ်းဓာတ်ပုံ။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကိုရှေးရှုကာ လက်နက်ကိုင်အဖွဲ့အစည်းများအား နိုင်ငံရေးနည်းလမ်းများလုပ်ဆောင်ကြဖို့ ငြိမ်းချမ်းရေးဖိတ်ခေါ် ဆွေးနွေးပွဲများ တည်ဆောက်သည်။ တပ်မတော်အနေဖြင့်လည်း တစ်ဖက်သတ်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းကို အကြိမ်ပေါင်းများစွာ ထုတ်ပြန်ကြေညာပေးခဲ့သည်။ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်လိုသည့်အတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များဖြင့် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှအဆက်

ထိုသို့ကောင်းမွန်စွာဖိတ်ခေါ်နေခြင်းအပေါ် မျက်ကွယ်ပြုကာ အကြမ်းဖက်သောင်းကျန်းသူတို့၏ ထုံးစံအတိုင်း တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်နေသော မြို့ရွာများအား အကြမ်းဖက်ဝင်ရောက်တိုက်ခိုက်သည်။ အကြမ်းဖက်သောင်းကျန်းသူတို့အနေဖြင့် ၎င်းတို့ထိန်းချုပ်ထားသည့် မြို့ရွာများတွင် ပြည်သူကိုကောင်းကျိုးပြုသည့်လုပ်ငန်းများမလုပ်ဘဲ အဖျက်လုပ်ရပ်များကိုသာ လုပ်ဆောင်သည်။ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အပြင် နေအိမ်များနှင့်ဈေးဆိုင်ခန်းများကိုဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများကို အဓမ္မယူဆောင်ခြင်း၊ အများပြည်သူများသွားလာနေသည့် လမ်းများဖျက်ဆီးခြင်းတို့ကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်ခဲ့သည်။

ယခုအခါ တပ်မတော်အနေဖြင့် ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရေး ဆောင်ရွက်လျက်ရှိသည်။ အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့်နေရာများသို့ အကြမ်းဖက် ချေမှုန်းမှုစစ်ဆင်ရေး (Counter Terrorism Operation)ဖြင့် တန်ပြန်တိုက်စစ်များဆင်နွှဲလျက်ရှိသည်။ ထိုသို့ဆင်နွှဲမှုကြောင့် တပ်မတော်က အောင်ပွဲများစွာရရှိလာသည်။ တပ်မတော်၏ အောင်ပွဲများမှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အောင်မြင်မှုများဖြစ်သည်။ တိုင်းရင်းသားအပေါင်းတို့၏ စိတ်နှလုံးကို ကြည်နူးချမ်းမြေ့စေသည်။ တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးမှုရှိသော ဒေသပတ်ဝန်းကျင်တွင် နေထိုင်လိုကြသည်မှာ လူသားတိုင်း၏ ဆန္ဒအစစ်အမှန်ဖြစ်သည်။



တပ်မတော်စစ်ကြောင်းများက နောင်ချိုမြို့မဈေးအား သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

၂၀၂၅ ခုနှစ် ဇူလိုင်လအတွင်း ပထမဆုံးကြားသိရသည့်အောင်ပွဲသတင်းမှာ မိုးဗြဲသတင်းဖြစ်သည်။ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများယာယီသိမ်းပိုက်ထားသည့် မိုးဗြဲမြို့အား တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိပြီး မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြောင်း သတင်းကောင်းကို ဇူလိုင် ၇ ရက်ထုတ် သတင်းစာများတွင် ဖော်ပြထားသည်။ မိုးဗြဲမှာ ပင်လောင်းမှ လွိုင်ကော်သို့သွားရာ လမ်းကြောင်းပေါ်တွင် တည်ရှိသည်။ ပင်လောင်း၊ ဖယ်ခုံ၊ မိုးဗြဲ၊ လွိုင်ကော်လမ်းကြောင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် ဇူလိုင် ၁၆ ရက်တွင်တပ်မတော်စစ်ကြောင်းများက လွိုင်ကော်မြို့တစ်မြို့လုံးကို ထိန်းချုပ်နိုင်ခဲ့သည်။ ထိုမှတစ်ဆင့် ပင်လောင်း၊ ဖယ်ခုံ၊ မိုးဗြဲ၊ လွိုင်ကော်လမ်းကြောင်းဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၆ ရက်တွင် မိုးဗြဲမြို့အား တပ်မတော်မှ သိမ်းပိုက်ရရှိခဲ့သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် မိုးဗြဲမြို့အား သိမ်းပိုက်ရရှိပြီးနောက် လွိုင်ကော်၊ မိုးဗြဲ၊ ဖယ်ခုံလမ်းကြောင်းအား ဇူလိုင် ၇ ရက်မှ ၁၁ ရက်အတွင်း ဆက်လက်ရှင်းလင်းခဲ့ရာ ဇူလိုင် ၁၁ ရက်တွင် အပြီးတိုင်ရှင်းလင်းနိုင်ခဲ့သည်။ ပင်လောင်း - ဖယ်ခုံ - မိုးဗြဲ - လွိုင်ကော် ဆက်သွယ်ရေးလမ်းမကြီးအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် လွိုင်ကော်မြို့မှ ပြည်သူများအနေဖြင့် ဟိုပုံး၊ တောင်ကြီးမြို့နှင့်အောင်ပန်း၊ ကလောမြို့တို့မှတစ်ဆင့် နေရာဒေသအနှံ့သို့ နှစ်သက်ရာ၊ သင့်လျော်ရာ ဆက်သွယ်ရေးလမ်းကြောင်းများဖြင့် သွားလာနိုင်ကြပြီဖြစ်သည်။ အဆိုပါအရပ်ဒေသရှိ ပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေပြီး ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်လာသည့်အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်ကို ကျေးဇူးတင်ကြောင်း ရင်တွင်းစကားသံများကိုလည်း ကြားသိရပြီဖြစ်သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးများကို အဆင့်ဆင့်ခြေကုပ်ယူ၍ အကြမ်းဖက်သောင်းကျန်းသူများကို ချေမှုန်းလျက်ရှိသည်။ တပ်မတော်စစ်ကြောင်းများ၏ အောင်ပွဲသတင်းများမှာ ရပ်တန့်မသွားဘဲ ဆက်တိုက်ဆိုသလို ကြားသိနေရသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် မိမိတို့အား သတ်မှတ်ပိုင်းခြားပေးထားသည့် စစ်ဆင်ရေးနယ်မြေများအလိုက် အကြမ်းဖက် သောင်းကျန်းသူများကို ချေမှုန်းလျက်ရှိရာ နယ်မြေအလိုက် အောင်ပွဲသတင်းများမှာ အားရကျေနပ်ဖွယ်ကောင်းလှသည်။

တပ်မတော်စစ်ကြောင်းများက နောင်ချိုမြို့အား ပြန်လည်ထိန်းချုပ်ကြောင်း ဝမ်းသာဖွယ်သတင်းကို ဇူလိုင် ၁၇ ရက်ထုတ် သတင်းစာများတွင် ဖော်ပြထားသည်။ နောင်ချိုမြို့တွင် နှစ်ကာလကြာမြင့်စွာနေထိုင်ခဲ့သည့် ပြည်သူများသည် မိမိတို့နေရပ်သို့ အေးချမ်းစွာပြန်နိုင်ကြပြီဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများ မိမိတို့တာဝန်များကို ပြန်လည်ထမ်းဆောင်ကြသည်။ စာသင်ကျောင်းများ ပြန်လည်ဖွင့်ကာ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားကြသည်။ တပ်မတော်အကြီးအကဲများအနေဖြင့် တိုက်ပွဲဝင်အောင်ပွဲရ တပ်မတော်သားများအား အဆင့်တိုးမြှင့်ပေးခြင်း၊ ချီးကျူးဂုဏ်ပြုခြင်းတို့ကို နွေးထွေးစွာ ဆောင်ရွက်ပေးသည်။ ထို့အတူ ပြည်သူများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ အဆင်ပြေစေရေးတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

နောင်ချိုမြို့ကို တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ခြင်းနှင့်ပတ်သက်၍ အားလုံးက ပျော်ရွှင်ကြည်နူးကြသည်။ နောင်ချိုသတင်းကဲ့သို့ နောက်ထပ်သတင်းကောင်းတစ်ခုကိုလည်း ထပ်မံကြားသိရပြန်သည်။ ဤသည်မှာ တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်းမြို့အား ပြန်လည်ထိန်းချုပ်ခြင်းသတင်းဖြစ်သည်။ ထိုသတင်းကို ဇူလိုင် ၂၄ ရက်ထုတ် သတင်းစာများတွင် ဖော်ပြထားသည်။ နောင်ချိုက တိုင်းရင်းသားပြည်သူများကဲ့သို့ သပိတ်ကျင်းက တိုင်းရင်းသားပြည်သူများသည်လည်း ပျော်ရွှင်ကြည်နူးနေမည်မှာ အမှန်ပင်ဖြစ်သည်။ နောင်ချို၊ သပိတ်ကျင်း ကောင်းသတင်းများကဲ့သို့ပင် ဇူလိုင် ၂၅ ရက်ထုတ် သတင်းစာများတွင် သတင်းကောင်း တစ်ခုပေါ်လာပြန်သည်။ ဤသည်မှာ "KNU၊ KNLA နှင့် PDF အကြမ်းဖက် ပူးပေါင်းအဖွဲ့များ နှောင့်ယှက်ပိတ်ဆို့ထားသည့် ကျုံဒိုး-ကော့ကရိတ် ပြည်ထောင်စုကားလမ်းမကြီးအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်ဖွင့်လှစ်" သည့် သတင်းဖြစ်သည်။

ကျုံဒိုး၊ ကော့ကရိတ်နှင့် ပြည်ထောင်စုလမ်းမပေါ်ရှိ မြို့ရွာနေပြည်သူများပျော်ရွှင်ကြည်နူးနေမည်မှာ အမှန်ပင်ဖြစ်သည်။ အအိပ်ပျက်၊ အစားပျက်နှင့် စိုးရိမ်ကြောင့်ကြစွာနေခဲ့ရသော ပြည်သူများမှာ ပြည်သူကိုကိုယ်စားပြုသည့် တပ်မတော်၏ အောင်ပွဲများကြောင့် ပြုံးပျော်ရွှင်ပျနေကြပြီဖြစ်သည်။ ဤဆောင်းပါးကိုရေးသားနေစဉ်မှာပင် စာရေးသူ၏စိတ်ထဲ၌ မနက်ဖြန်ပေါင်းများစွာတွင် ပေါ်ထွန်းလာဦးမည့် သတင်းကောင်းများကို ဆက်လက်စောင့်မျှော်နေမိပါသည်။

လက်နက်ကိုင် အဖွဲ့အစည်းအချို့အနေဖြင့် တိုင်းရင်းသားနာမည်အမျိုးမျိုးတပ်ကာ ဖွဲ့စည်းထားသော်လည်း အမှန်စင်စစ်အဆိုပါတိုင်းရင်းသားများကို ကိုယ်စားပြုခြင်းမဟုတ်ပါ။ လွတ်လပ်ရေးရခါစက ရောင်စုံသောင်းကျန်းသူများကို တပ်မတော်က အောင်ပွဲခံခဲ့သကဲ့သို့ ယခုအခါမှာလည်း နာမည်အမျိုးမျိုးတပ်ထားသည့် ရောင်စုံသောင်းကျန်းသူတို့ကို အောင်ပွဲခံလျက်ရှိသည်။ တပ်မတော်၏အောင်ပွဲသည် တိုင်းရင်းသားအားလုံး၏ အောင်ပွဲဖြစ်သကဲ့သို့ နိုင်ငံတော်ကို ကောင်းကျိုးပြုသည့်အောင်ပွဲများလည်းဖြစ်သည်။ မြို့ပြကျေးလက်မှန်သမျှ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိလာသည်နှင့် ပြည်သူတို့၏လူမှုစီးပွားဘဝများ အဆင့်အတန်းမြင့်မားလာမည်ဖြစ်သည်။ ထို့ကြောင့် တပ်မတော်၏ အောင်မြင်မှုများသည် ပြည်သူတို့၏ အောင်ပွဲအစစ်အမှန်ဖြစ်သည်ဟူ၍ ဂုဏ်ယူမိပါကြောင်း ရေးသားလိုက်ရပေသည်။ ။


## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA၊ MDY-PDF နှင့် TNLA အဖွဲ့ဝင် ၁၂ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် ဇူလိုင် ၃၀

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက်အလေးထား ဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation)များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နယ်မြေများကို အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်မှ ၂၉ ရက်ထိ TNLA အဖွဲ့ဝင် လေးဦး၊ DPLA အဖွဲ့ဝင် ၄၇ ဦးနှင့် MDY–PDF အဖွဲ့ဝင် ၆၁ ဦး၊ ရှင် PDF အဖွဲ့ဝင် ခြောက်ဦး စုစုပေါင်း ၁၁၈ ဦးတို့သည် လက်နက်မျိုးစုံ ၁၄ လက်၊ ကျည်မျိုးစုံ ၁၅၁၅ တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။

ယနေ့တွင်လည်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ DPLA အဖွဲ့ဝင် အမျိုးသား လေးဦး၊ MDY–PDF အဖွဲ့ဝင် အမျိုးသား ခြောက်ဦးနှင့်၊ TNLA အဖွဲ့ဝင်အမျိုးသား နှစ်ဦး စုစုပေါင်း ၁၂ ဦးတို့သည် Type–81 အမျိုးအစား သေနတ်တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၂၅ တောင့်၊ လက်ပစ်ဗုံး တစ်လုံးနှင့်အတူ ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်း၊ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံလာခြင်းများကြောင့် ဥပဒေဘောင်အတွင်းကို ပြန်လည်ဝင်ရောက်လာခဲ့ရာ ၎င်းတို့ကို တာဝန်ရှိသူများက ပြန်လည်လက်ခံပြီး ချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးခဲ့သည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ပြောကြားချက်များအရ ၎င်းတို့သည် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်သူများ ဖြစ်ပြီး အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အဖွဲ့သို့ မဝင်ရောက်ပါက မိဘဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းကိုခံခဲ့ရကြောင်း၊ ထို့ပြင် တောတွင်း၌ ပင်ပန်းကြမ်းတမ်းစွာဖြင့် အနေဆင်းရဲ၊ အစားဆင်းရဲ နေထိုင်ခဲ့ရကြောင်း၊ ၎င်းတို့အဖွဲ့အတွင်း၌ လက်နက်အားကိုးဖြင့် အထက်အောက် အနိုင်ကျင့်ဗိုလ်ကျ လူမျိုးရေးခွဲခြားဆက်ဆံခံရခြင်း၊ အဆင့်အတန်း ခွဲခြားဆက်ဆံခံရခြင်းများရှိကြောင်း၊ တပ်မတော်၏ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation)များဆင်နွှဲမှုတွင် အကျအဆုံးများပြားလာသဖြင့် ခုခံနိုင်ခြင်းမရှိတော့၍ ဆက်လက်တိုက်ခိုက်လိုခြင်းမရှိဘဲ အသက်ရှင်သန်ရေးအတွက် အခက်အခဲဒုက္ခမျိုးစုံကြားမှ ထွက်ပြေးတိမ်းရှောင်နေရခြင်းများကြောင့် စိတ်ဓာတ်များကျဆင်းလာခြင်း၊ အကြမ်းဖက်သမားများ၏ လုပ်ရပ်များသည် အပြစ်မဲ့ပြည်သူများအတွက် လူမှုစီးပွားဘဝများ များစွာထိခိုက်နစ်နာသည်ကို သိရှိနားလည်လာခြင်း၊ မိသားစုများနှင့်အတူ ယခင်ကဲ့သို့ နွေးနွေးထွေးထွေး ပြန်လည်နေထိုင်လိုခြင်း၊ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာခြင်းတို့ကြောင့် ယခုကဲ့သို့၎င်းတို့အဖွဲ့အတွင်းမှ ပြန်လည်စွန့်ခွာလာပြီး နီးစပ်ရာတပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်းကို ပြန်လည်ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။



ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် DPLA၊ MDY–PDF နှင့် TNLA အဖွဲ့ဝင် ၁၂ ဦးကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်း အပ်နှံခြင်း ကျင်းပစဉ်။

ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို နွေးထွေးစွာ ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

"ကျွန်တော်ကတော့ DPLA ထဲကို ဘယ်လိုစရောက်ခဲ့သလဲဆိုတော့ ကျွန်တော်တို့ကို DPLA က စစ်တမ်းကောက်တယ်ဗျ။ တစ်အိမ်တစ်ယောက်နှုန်းနဲ့ ကောက်တယ်။ တစ်အိမ်တစ်ယောက်နှုန်းနဲ့ ကောက်တော့ ကျွန်တော်တို့က မောင်နှမသုံးယောက်ရှိတယ်။ မောင်နှမသုံးယောက်ရှိတဲ့အတွက် ညီတွေ၊ ညီမတွေကြောင့် ကျွန်တော်လိုက်ခဲ့ရတယ်။ လိုက်ခဲ့ရတဲ့အချိန်မှာ သူတို့က ကျွန်တော်တို့ကို ညကြီးအချိန်မှာ ကားနဲ့ သင်တန်းကွင်းကို ခေါ်သွားတယ်။ သင်တန်းစတက်တဲ့အချိန် အတွေ့အကြုံကတော့ ကျွန်တော်တို့က လောကကြီးနဲ့ အဆက်အသွယ်ပြတ်သွားပြီဗျ။ ကျွန်တော်တို့ဘဝတွေက ပြောရမယ်ဆိုရင် ရှင်လျက်နဲ့ သေသလိုဖြစ်သွားပြီဗျာ။ ဘာလို့လည်းဆိုတော့ ဘေးကိုကြည့်လိုက်ရင်လည်း တောတောင်တွေ၊ အောက်ကိုကြည့်လိုက်ရင်လည်း ရေတွေပဲမြင်ရပြီး အခြားဘာမှမမြင်ရဘူး။ သင်တန်းကွင်းကို ကျွန်တော်တို့ နံနက် ၄ နာရီကနေ ည ၉ နာရီထိ နားချိန်မရှိဘဲ သင်တန်းတက်ရပါတယ်။ အစားအသောက်ကျွေးရင်လည်း အငတ်ငတ်အပြတ်ပြတ်နဲ့ ဘာကျွေးလည်း



ဆိုတော့ ရှူးရှဲနဲ့ စွန်တန်ပဲကျွေးတယ်။ တစ်ခါတလေမှာ ရှူးရှဲတောင်မှ နပ်မမှန်ဘူး။ တစ်ခါတလေ ဆားဖြူးစားရတဲ့အခါတွေလည်းရှိတယ်။ အဲဒီလို အစားအသောက်နပ်မမှန်တော့ ကိုယ့်ဘာသာတောထဲကအသီးအရွက်လေးတွေ ခူးချက်စားရတယ်။ အဲဒီလိုသွားခူးစားလို့ သိသွားရင် အရိုက်အနှက်ခံရတယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့ကျွေးတာမစားလို့ မင်းတို့က အဲဒီလိုခူးစားလား လုပ်စားလားဆိုပြီးတော့ ကျွန်တော်တို့ကို ရိုက်နှက်နှိပ်စက်တာတွေရှိတယ်။ ကျွန်တော်တို့ဟာ အစာအာဟာရ ပြည့်ပြည့်ဝဝ မစားရဘူး။ အိပ်တာလည်း ဝဝလင်လင် မအိပ်ရဘူး။ ပြီးရင် လူမျိုးရေးခွဲခြားတာတွေလည်းရှိတယ်။ ဘယ်လို လူမျိုးရေးခွဲခြားတာလည်းဆိုတော့ ပလောင်တွေက သူတို့လူမျိုးဆိုရင် တစ်ခုခု အမှားလုပ်တာတို့၊ အပြစ်လုပ်တာတို့ဆိုရင် သက်သာတဲ့အပြစ်ပေးတာပဲရှိတယ်။ ကျွန်တော်တို့ ဓနုလူမျိုးတစ်ယောက်က အမှားလုပ်ပြီဆိုရင် သေမလောက်ထိ နှိပ်စက်တယ်။ အဲ့ဒီအချိန်မှာ ကျွန်တော်တို့က ကြိတ်မှိတ်ပြီးနေခဲ့ရတယ်။ ကျွန်တော်တို့မှာ အဖိနှိပ်ခံဘဝနဲ့ ရှင်လျက်နဲ့ သေနေသလို သင်တန်းမှာနေခဲ့ရတယ်။ ရှေ့တန်းရောက်ရောက်ချင်း ဘာတွေ အတွေ့အကြုံရလည်းဆိုတော့ မဖြစ်နိုင်တဲ့အရာကို တက်ခိုင်း၊ လုပ်ခိုင်းတယ်။ ဒီနေရာမဖြစ်ဘူးဆိုရင်လည်း ဆုတ်ခိုင်းမယ်မရှိဘူး။ တက်တက်ဆိုပြီးတော့ အတင်းတက်ခိုင်းတယ်။ ကျွန်တော့်ရှေ့မှာပဲ သူငယ်ချင်းတွေ သေတာတွေရှိတယ်။ အဲ့ဒီအထဲမှာ ပလောင်လူမျိုး တစ်ယောက်မှမပါဘူး။ ကျွန်တော်တို့ ကြေကွဲရတယ်။ ခံစားရတယ်။ ကျွန်တော်တို့ပြေးချင်တယ်။ လွတ်လမ်းရှာချင်တယ်။ ဒါပေမဲ့ အခွင့်မသာဘူး။ နောက်ဆုံး တာဝန်ကျတဲ့ကုန်းကတော့ ကျောက်ကြမ်းကုန်းပေ့ါ။ အဲဒီကုန်းမှာ အဖြစ်အပျက်က ပိုဆိုးသွားတယ်။ ဘယ်လို အဖြစ်အပျက်ပိုဆိုးသွားလည်းဆိုတော့ ပလောင်တွေအများစုကကျတော့ ခုနကကျွန်တော်ပြောသလိုပဲ ကျွန်တော်တို့ဓနုလူမျိုးကို လူမျိုးသုဉ်းသတ်ဖြတ်တာပေ့ါဗျာ။ အမှန်က သူတို့ကအရှေ့ကမတိုက်ဘူး။ ကျွန်တော်တို့ ဓနုလူမျိုးလူအယောက်လေးငါးဆယ်ကို အရှေ့ကိုပဲတက်ခိုင်းပြီး တိုက်ခိုင်းတယ်။ သူတို့လူမျိုးကျတော့ တစ်ယောက်နှစ်ယောက်ပဲပါတယ်။ ပြီးရင် သူတို့ကတက်တက်ဆိုရင် မြန်မာလိုပြောပြီးတက်တယ်ဗျာ။ ဆုတ်ဆုတ်ဆိုရင် ပလောင်လိုပြောပြီး ဆုတ်သွားတယ်။ ကျွန်တော်တို့က ပလောင်စကားနားမလည်တော့ အဲ့ဒီမှာခံရပါတယ်။ ဘာခံရလည်းဆိုတော့ ကျွန်တော်တို့ ဘုမသိဘမသိနဲ့ ဓနုတွေပဲ ကျန်ခဲ့တဲ့အတွက်ကြောင့် ဓနုလူမျိုးတွေ သေကြတယ်ဗျာ။ အဲ့ဒီလို ပလောင်စကားနားမလည်တဲ့ ဓနုလူမျိုးတွေသေဆုံးတဲ့အတွက် ကျွန်တော်တို့မကျေနပ်ဘူး။ အဲဒါကြောင့် ကျွန်တော်




တို့ သူငယ်ချင်းတွေနဲ့တိုင်ပင်ပြီး ငါတို့အလင်းဝင်မှရတော့မယ်။ ငါတို့ဒီလိုအခက်အခဲဘဝနဲ့ အဆင်မပြေတော့ဘူး။ ဘာလို့လည်းဆိုတော့ ငါတို့အသက်ရှင်အောင် ငါတို့ကြိုးစားမှရမယ်လို့ တိုင်ပင်ပြီး ကျွန်တော်နဲ့အတူ သူငယ်ချင်းလေးယောက် ည ၁၂ နာရီအချိန်မှာ ထွက်ပြေးလာပြီး ပြင်ဦးလွင်ရောက်ဖို့ နှစ်ရက်ဆက်တိုက် လမ်းလျှောက်ခဲ့ရတယ်။ ကျန်တဲ့သူငယ်ချင်းတွေကိုလည်း ပြောချင်တာကတော့ အဲဒီမှာ ပေကတ်မနေနဲ့တော့ ကိုယ့်အသက်ကို နှမြောတယ်ဆိုရင် တပ်မတော်နဲ့ လာပူးပေါင်းပါလို့ ပြောချင်တယ်။ သူတို့ပလောင်တွေဝါဒဖြန့်သလို အလင်းဝင်သူတွေကို တပ်မတော်ကသတ်တယ်၊နှိပ်စက်တယ်လို့ထင်ခဲ့မိတာ။ လက်တွေ့မှာတော့ ကျွန်တော်တို့ထင်ခဲ့သလို မဟုတ်ဘဲ တကယ်တမ်း အလင်းဝင်လာတော့ တပ်မတော်က ကျွန်တော်တို့ကို နွေးနွေးထွေးထွေး ကြိုဆိုကြတယ်။ အဲဒီလိုတွေ မြင်ရတော့ ဝမ်းသာကြည်နူးပြီး မျက်ရည်တောင်ကျမိတယ်။ သူငယ်ချင်းတွေကို သိအောင်ပြောချင်တာက တပ်မတော်က တကယ် နွေးထွေးစွာကြိုဆိုတယ်။ ဒီရောက်လာမှ အစားအသောက်လည်း ကောင်းကောင်းစားရတယ်။ အိပ်ကောင်းခြင်းလည်းအိပ်ရတယ်။ ပြောမယ်ဆိုရင် စိတ်လွတ်ကိုယ်လွတ် နေရထိုင်ရတယ်။ အရင်ကဆို ကြောက်စိတ်တွေနဲ့ နေခဲ့ရတယ်။ ဘယ်နေ့သေမလဲ။ ဘယ်နေ့ လက်နက်ကြီးကျမလဲ။ ဘယ်နေ့လေယာဉ်နဲ့ဗုံးကြဲမလဲဆိုတဲ့ စိုးရိမ်စိတ်နဲ့ နေခဲ့ရတဲ့အချိန်တွေနဲ့ အခုအလင်းဝင်ရောက်တဲ့အခြေအနေနဲ့တခြားဆီ ကွာခြားသွားပြီလို့ ပြောချင်ပါတယ်" ဟု ပြောသည်။

"ကျွန်တော် ဒီအဖွဲ့အစည်းထဲကို ကိုယ့်စိတ်ဆန္ဒနဲ့ ဝင်သွားတာမဟုတ်ပါဘူး။ ပြောချင်တာတော့ သူတို့ ကျွန်တော်တို့ကို တစ်အိမ်တစ်ယောက် မဖြစ်မနေဝင်ရမယ်ဆိုပြီးတော့ မဝင်ရင်လည်း ကျွန်တော်တို့ဆွေမျိုးသားချင်းတွေကို ဒုက္ခပေးမယ်ပေ့ါ။ တစ်ခုခုလုပ်မယ်ဆိုပြီး ခြိမ်းခြောက်လို့ ကျွန်တော်အခုလို ဝင်ရခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့ သူတို့ထဲကိုဝင်တဲ့အချိန်မှာလည်း အဆင်မပြေမှုတွေအများကြီးကြုံရတယ်။ ဘယ်လိုကြုံရလည်းဆိုတော့ လူမျိုးရေးခွဲခြားတာတွေရှိတယ်။ နောက်ပြီးတော့ သူတို့က လက်နက်ကိုင်ထားတာဖြစ်တဲ့အတွက်ကြောင့်မလို့ ကျွန်တော်တို့လည်း သူတို့ခိုင်းတာကို မဖြစ်မနေလုပ်ရတာဖြစ်ပါတယ်။ သင်တန်းတွေဆက်တက်တဲ့အချိန်မှာလည်း လူမျိုးရေးခွဲခြားတယ်။ တစ်ယောက်နဲ့တစ်ယောက် အနိုင်ကျင့်ပြောဆိုဆက်ဆံခံရတာတွေ အများကြီးရှိတယ်။ အဲဒါတွေကြုံခဲ့ရတယ် အများကြီးဗျာ။ နောက်ပြီးတော့ ဒီသင်တန်းတက်ပြီးလို့ ရှေ့တန်းကို ထွက်လာတဲ့အချိန်မှာလည်း ကျွန်တော်တို့ကို ရှေ့ပဲတိုးခိုင်းတယ်။ အကြီးပိုင်း ပလောင်တွေကတော့ နောက်မှာပဲနေတယ်။ မဖြစ်မနေရအောင် တိုက်ဆိုပြီး ပြောထားတဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့လည်း အသေခံတိုက်ရတယ်။ အဲဒီလိုမျိုးကြုံခဲ့ရတယ်။ သူတို့က နောက်မှာနေပြီးတော့ ကျွန်တော်တို့တိုက်လို့ နိုင်ထားတဲ့မြို့တွေ၊ သိမ်းလို့ရထားတဲ့မြို့တွေ၊ ရွာတွေကို သူတို့ဝင်တယ်။ ဝင်ပြီးတော့ သူတို့ အဲဒီမှာရှိတဲ့ ပြည်သူတွေရဲ့ပစ္စည်းတွေကိုယူတယ်။ ယူပြီးတော့ အဲဒါတွေကိုလည်း ကျွန်တော်တို့ DPLA အဖွဲ့အစည်းတွေကောင်းစားဖို့အတွက် မဟုတ်ဘူး။ တကယ်တမ်းတော့ ပလောင်တွေကောင်းစားဖို့အတွက်ပဲ သူတို့ကိုယ်သူတို့ကောင်းစားဖို့အတွက်ပဲ သူတို့လုပ်ကြတယ်။ သူတို့က ပြည်သူတွေရဲ့ပစ္စည်းတွေကိုယူတယ်။ ယူပြီးတော့ သူတို့ပဲကောင်းစားဖို့အတွက်လုပ်တယ်။ သူတို့က နောက်မှာထိုင်တယ်။ အေးဆေး ပိုက်ဆံကို ဆီလိုရေလိုသုံးကြတယ်။ ကျွန်တော်တို့ကိုတော့ ရှေ့တန်းမှာဆိုရင် ရှူးရှဲ၊ စွန်တန်နဲ့ ဖြစ်သလိုကျွေးတယ်။ ဖြစ်သလိုကျွေးပြီးတော့ အသေခံတိုက်ခိုင်းတယ်။ နောက်ဆုတ်လာပြီဆိုရင်လည်း ပစ်သတ်တာမျိုးတွေ၊ ခြိမ်းခြောက်တာမျိုးတွေ အများကြီးရှိတယ်ဗျာ။ အဲဒါကြောင့်မလို့ နောင်ချိုမြို့ကို မရမကထိုး မနိုင်ရင်မင်းတို့ကိုသတ်မယ် ခြိမ်းခြောက်လို့ ကျွန်တော်တို့လည်း ရှေ့တန်းက အမြင်မှန်ရပြီးတော့ တပ်မတော်ထဲကို အလင်းဝင်ရောက်ခြင်းဖြစ်ပါတယ်။ အခုမှဝင်လာတယ်ဆိုပေမယ့်လည်း ကိုယ့်ကိုယ်ကိုယ် နောင်တရလို့မဆုံးဘူး။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့ ဒီထဲဝင်လာရင် တပ်မတော်ဘက်ကလည်း အေးအေးချမ်းချမ်းနဲ့ ကြိုဆိုတယ်။ ကောင်းကောင်းမွန်မွန် နွေးထွေးစွာနဲ့ ကြိုဆိုတဲ့အတွက် ကျွန်တော်တို့မှာ ပြောမပြတတ်အောင် ဝမ်းသာပီတိဖြစ်မိပါတယ်။ နောက်နောင် တပ်မတော်နှင့် ပြည်သူအတွက်ကို ဘယ်လိုတာဝန်ပဲပေးပေး ကျွန်တော်တို့ ရဲရဲဝံ့ဝံ့နဲ့ တာဝန်ထမ်းဆောင်ပါ့မယ်လို့ ကတိပေးပါတယ်။ နောက်နောင် အကြမ်းဖက်အဖွဲ့အစည်းထဲကိုလည်း မဝင်တော့ပါဘူးလို့ ဝန်ခံကတိပြုပါတယ်" ဟု ပြောသည်။ (၅၀၁)

# မိတ္ထီလာမြို့နယ်အတွင်းရှိ ဇီးတော-ဒဟတ်သွား ကားလမ်းပေါ်၌ ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ်တစ်စီး ပေါက်ကွဲ

မိတ္ထီလာမြို့နယ် ဇီးတော-ဒဟတ်သွားကားလမ်းပေါ်၌ ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ်တစ်စီး မီးလောင်ပေါက်ကွဲသည့် ဖြစ်စဉ်နေရာပြပုံ




နေပြည်တော် ဇူလိုင် ၂၀

PDF အမည်ခံ အကြမ်းဖက်သမားများသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ မြို့ရွာများအတွင်း ဒေသခံပြည်သူများအသွင်ဖြင့် စိမ့်ဝင်ဝင်ရောက်လာကာ ဌာနဆိုင်ရာအဆောက်အအုံများ၊ ပြည်သူလူထု၏ တိုက်တာအိုးအိမ်များကို မိုင်းထောင်ဖောက်ခွဲခြင်း၊ Drop Bomb ချ တိုက်ခိုက်ခြင်း၊ အများပြည်သူသွားလာ အသုံးပြုလျက်ရှိသည့်လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲခြင်း စသည့်အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သမားများကို မြို့ရွာ၊ရပ်ကွက်များအတွင်း လွယ်ကူစွာ ဝင်ထွက်သွားလာခြင်းများ မလုပ်ဆောင်နိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များကို သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စစ်ဆေးမှုများဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသောလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် မိတ္ထီလာမြို့နယ် ဇီးတော-ဒဟတ်သွား ကျေးရွာချင်းဆက် မြေသားလမ်းပေါ်၌ ရှာဖွေစစ်ဆေးမှုများဆောင်ရွက်နေစဉ် ဆားတောင်ဘက်မှ ဇီးတောဘက်သို့မောင်းနှင်လာသော Hiace ခဲရောင် (လိုင်စင်စိစစ်ဆဲ)မော်တော်ယာဉ် တစ်စီးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် အစစ်ဆေးခံရန်ရပ်တန့်စေခဲ့ရာ အဆိုပါမော်တော်ယာဉ်မှာရပ်တန့်မှုမရှိဘဲ မောင်းနှင်ထွက်ပြေးသွားစဉ် တိမ်းမှောက်မှုဖြစ်ပေါ်ခဲ့ရာမှ ယာဉ်ပေါ်တွင်ပါလာသော ပေါက်ကွဲစေတတ်သောပစ္စည်းများဟု ယူဆရသည့် ပစ္စည်းများကြောင့် မော်တော်ယာဉ်မှာ ပေါက်ကွဲပြီး မီးလောင်သွားခဲ့ရကြောင်း သိရသည်။



မီးလောင်ပေါက်ကွဲခဲ့သည့် မော်တော်ယာဉ်မှတ်တမ်းဓာတ်ပုံ။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ ပေါက်ကွဲ၍မီးလောင်သွားသောမော်တော်ယာဉ်အနီးဝန်းကျင်သို့သွားရောက်စစ်ဆေးရာ မော်တော်ယာဉ်အတွင်းမှ အမ်ဂျီ-၁ ပလပ်စတစ်လက်ပစ်ဗုံး ရိုက်မောင်းတံ အစုအဝေး တစ်ခု၊ PDF လက်မောင်းတံဆိပ်၊ အနီရောင်မီးကြိုးခွေ တစ်ခွေနှင့် သေဆုံးနေသည့် PDF အမည်ခံ အကြမ်းဖက်သမားအလောင်း ငါးလောင်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူ့လူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် လုံခြုံရေးလုပ်ငန်းစဉ်များကို နေ့မအားညမနားဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုရန်မှ ကင်းဝေးစေရန်နှင့် ပြည်သူများ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter Terrorism Operation)များကို ပြည်သူလူထုနှင့်အတူ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဧဝ၁)



မီးလောင်ပေါက်ကွဲခဲ့သည့် မော်တော်ယာဉ်ပေါ်မှ သိမ်းဆည်းရမိသည့် ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၈ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၂၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၈ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများကို ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms.Musetar C.Moso နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၃၀ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၂၁ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၉၀၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၄၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများကို တားဆီးကာကွယ် တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဧဝ၁)



# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၂၉ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Sai Sang Sai Sang” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဆန်ဆိုင်း(က) ရပ်ကွက်နေ စိုင်းရှဲန်အား ညနေ ၃ နာရီ ၁၅ မိနစ်တွင် တာချီလိတ်မြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဧဝ၁)

# မုတ်သုံရာသီဝယ်သတိပြုဖွယ် ရေကြီးရေလျှံမှုအန္တရာယ်

မေဇင်ထွန်း

ယခုကာလတွင် ရေကြီးရေလျှံမှုသဘာဝဘေး အန္တရာယ်ကို ကမ္ဘာတစ်ဝန်းရင်ဆိုင်နေကြရသည်ကို နိုင်ငံတကာသတင်းများကို လေ့လာဖတ်ရှုကြည့်ပါက သိရှိနိုင်သည်။ ရေကြီးရေလျှံမှုကြောင့် စီးပွားဥစ္စာ၊ ပိုင်ဆိုင်မှုများဆုံးရှုံးရသကဲ့သို့ မိတ်ဆွေအပေါင်း အသင်း၊ ဆွေမျိုးသားချင်း၊ မိသားစုဝင်များသေကျေ ဆုံးရှုံးများကို ရင်ဆိုင်ကြုံတွေ့ကြရလျက်ရှိသည်။ ရေကြီးရေလျှံမှုဆိုသည်မှာ ပင်လယ်၊ မြစ်ကမ်းအနီး နေထိုင်သူများမှသာလျှင်ကြုံတွေ့ကြရသည့်သဘာဝ ဘေးမဟုတ်တော့သည်ကိုလည်း သဲကန္တာရဧရိယာ ကျယ်ပြောသည့် အာရပ်စော်ဘွားများပြည်ထောင်စု အတွင်းရှိ ဒူဘိုင်းမြို့၌ပင် ရေကြီးရေလျှံမှုဖြစ်နေသည် ကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။ ရေကြီးရေလျှံမှု သည် နိုင်ငံတိုင်း၊ လူသားတိုင်း ကြုံတွေ့နေရသော ဘေးအန္တရာယ်ဖြစ်သဖြင့် သတိပြုကြိုတင်ပြင်ဆင် မှုများ ဆောင်ရွက်ထားကြရမည်သာဖြစ်သည်။

လူဦးရေတိုးပွားလာခြင်း၊ နည်းပညာများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ စက်မှု လုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်လာခြင်းများ က သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုများဖြစ်ပေါ် စေကာ ရာသီဥတုဖောက်ပြန်မှုပြောင်းလဲဖြစ်စဉ်များ ကို ကြိမ်ဖန်များစွာ ဖြစ်ပေါ်စေလျက်ရှိသည်ကို တွေ့ရသည်။ ထိုရာသီဥတုဖောက်ပြန်မှုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ထိခိုက်သေကျေပျက်စီးဆုံးရှုံးမှု များသည်လည်း တစ်နှစ်ထက်တစ်နှစ်မြင့်တက်လျက် ရှိသည်ကိုတွေ့ရသည်။ လက်ရှိ ကမ္ဘာတစ်ဝန်းတွင် လူသားတို့၏ မဆင်မခြင်ပြုမူဆောင်ရွက်မှု၊ မတော် တဆမှု၊ ပေါ့ဆမှု စသောအကြောင်းတရားများ ကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်များ များစွာဖြစ်ပေါ်လျက်ရှိပြီး ထိုရာသီဥတုဖောက်ပြန်မှု ကြောင့်ဖြစ်သော သဘာဝဘေးများထဲတွင် ရေကြီး ရေလျှံမှုသဘာဝဘေးသည် မကြာခဏဆိုသလို ဖြစ်ပေါ်လေ့ရှိသော ဘေးတစ်ခုဖြစ်သည်။ ရေကြီး ရေလျှံမှုဖြစ်ပါက ဒေသတစ်ခုနှင့်တစ်ခု မတူညီကြ သည့်အပြင် ပြင်းထန်မှုသည် နေရာဒေသများအပေါ် မူတည်ပြီး ကွဲပြားသေးသည်။

ကမ္ဘာတစ်ဝန်းတွင် ပုံမှန်အားဖြင့် မုတ်သုံရာသီ သည် ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလတို့ဖြစ်ပြီး ထိုအချိန်တွင် များသောအားဖြင့် ကမ္ဘာတစ်ဝန်းတွင် မုန်တိုင်းနှင့် မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်လေ့ ရှိကာ ရေကြီးရေလျှံမှုများ၊ မြေပြိုမှုနှင့် တောင်ပြိုမှု များကဲ့သို့ သဘာဝဘေးအန္တရာယ်များလည်း နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်လေ့ရှိသည်။ ရာသီချိန်ရောက်၍ ပုံမှန်သဘာဝအတိုင်းဖြစ်လေ့ရှိ သည့် မုန်တိုင်းတိုက်ခတ်ခြင်းနှင့် ရေကြီးရေလျှံခြင်း များကို ကြိုတင်ခန့်မှန်းနိုင်သော်လည်း ရာသီဥတု ဖောက်ပြန်ပြောင်းလဲလာမှုကြောင့် ရုတ်တရက် ဖြစ်လာသည့် မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးရေလျှံ ခြင်းနှင့် မြေပြိုခြင်းများကဲ့သို့ သဘာဝဘေးအန္တရာယ် များကို ကြိုတင်မခန့်မှန်းနိုင်ပေ။ ထိုသို့ရုတ်တရက် ဖြစ်ပေါ်လာသည့် ရေကြီးရေလျှံမှု သဘာဝဘေး အန္တရာယ် သည်လည်း နှစ်စဉ်လိုလိုဖြစ်ပွားလျက် ရှိပြီး အကြိမ်ရေအားဖြင့်လည်း ခပ်စိတ်စိတ် ဖြစ်လာကာ ပိုမို၍ဆိုးရွားပြင်းထန်လာသည်ကို လေ့လာတွေ့ရှိရသဖြင့် ရေကြီးရေလျှံမှုဖြစ်ပါက ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများကို အမြဲသတိပြု ပြင်ဆင်နေရန်လိုသည်။

ရုတ်တရက်ဖြစ်ပေါ်လေ့ရှိသည့် သဘာဝဘေး အန္တရာယ်များတွင် အများဆုံးကြုံတွေ့ရလေ့ရှိသည် မှာ ရေကြီးရေလျှံမှုဖြစ်သည်။ ရေကြီးရေလျှံခြင်း နှင့်အတူ နောက်ဆက်တွဲဖြစ်လေ့ရှိသည့် မြေပြိုခြင်း၊ တောင်ပြိုခြင်းများကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှု အခက်အခဲများအပြင် လျှပ်စစ် ဓာတ်အားပြတ်တောက်မှုများကိုလည်း တစ်ကမ္ဘာ လုံးအတိုင်းအတာနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။ ရေကြီးရေလျှံမှုသည် နှစ်စဉ်မိုးရာသီကာလ၌ ကြုံတွေ့နေရလေ့ရှိသော သဘာဝဘေးအန္တရာယ် တစ်ခုဖြစ်သော်လည်း လက်ရှိကာလတွင် ပိုမိုဆိုးရွား ပြင်းထန်လာပြီး ကမ္ဘာသူ၊ ကမ္ဘာသားများ၏ လူမှုဘဝ များအပေါ် များစွာသက်ရောက်မှုရှိသည်။ ရေကြီး ရေလျှံမှုကြောင့် လူသားတို့၏ လူမှုစီးပွားဘဝထိခိုက် မှုများမှာ ရေကြီးရေလျှံမှုကြောင့် လယ်ယာစိုက်ခင်း များ ရေစီးနှင့်အတူမျောပါကာပျက်စီးခဲ့သဖြင့် စိုက် ပျိုးရေးလုပ်ငန်းများတွင် အရှုံးပေါ်ခြင်း၊ ရေကြီးပြီး နောက် အပင်များသည်လည်း အသီးမတင်ခြင်း၊ အထွက်နှုန်းကျဆင်းခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။



မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တက္ကဆက်ပြည်နယ်၊ ကာဗီလီမြစ်ရေလျှံမှုကို တွေ့ရစဉ်။

မွေးမြူရေးလုပ်ငန်းများတွင်လည်း မွေးမြူရေး တိရစ္ဆာန်များ ရေစီးနှင့်မျောပါကာ သေကျေပျက်စီး ခြင်း၊ အသက်ရှင်ကျန်သော မွေးမြူရေးတိရစ္ဆာန်များ ၌လည်း ရေဘေးနောက်ဆက်တွဲရောဂါများကြောင့် သေကျေခြင်းများကြောင့် အရှုံးများပေါ်ကာ နာလန်မထူနိုင်ဖြစ်ရသည်ကို တွေ့ရသည်။ တခြား သောစီးပွားရေးလုပ်ငန်းများသည်လည်း ၎င်းတို့၏ ထုတ်ကုန်များ၊ ကုန်ပစ္စည်းများ ရေဘေးကြောင့် မှိုတက်ခြင်း၊ ရေစိုပျက်စီးခြင်း၊ ရေစီးနှင့်မျောပါ ဆုံးရှုံးခြင်းများအပြင် လုပ်ငန်းသုံးအဆောက်အအုံ များ ရေနစ်မြုပ်ပျက်စီးခြင်း စသောအကြောင်း တရားအမျိုးမျိုးကြောင့် စီးပွားရေးများထိခိုက်ဆုံးရှုံး မှုများဖြစ်ပေါ်လျက်ရှိသောကြောင့် ရေကြီးရေလျှံမှု ဖြစ်စဉ်များကိုမပေါ့ဆဘဲ နှစ်စဉ်သတိပြု၍လိုအပ် သည်များကို ကြိုတင်ပြင်ဆင်ရေးသည် စိန်ခေါ်မှု တစ်ရပ်ဖြစ်လာခဲ့သည်။

လက်ရှိတွင် ဥရောပနိုင်ငံများအပါအဝင် အနောက်နိုင်ငံအတော်များများ၊ အာရှနိုင်ငံများတို့ တွင် ရေကြီးရေလျှံမှုဖြစ်စဉ်များ ပြင်းထန်ဆိုးရွားစွာ ဖြစ်ပေါ်လျက်ရှိသည်။ ရေကြီးရေလျှံမှုဖြစ်ပါက ပျက်စီးဆုံးရှုံးမှုများ၊ နောက်ဆက်တွဲကျန်းမာရေး ဆိုးကျိုးများသည် ဖွံ့ဖြိုးပြီးနိုင်ငံများထက် ဖွံ့ဖြိုးဆဲ နိုင်ငံများက ပိုမိုခံစားရလျက်ရှိကြောင်း လေ့လာတွေ့ရှိ ရသည်။ သဘာဝဘေးအန္တရာယ်ကို မည်သူမျှတားဆီး လွန်ဆန်၍ မရနိုင်သော်လည်း သဘာဝဘေးကြောင့် ဖြစ်လာနိုင်သည့် ထိခိုက်ဆုံးရှုံးနစ်နာမှုများကိုမူ အနည်းဆုံးဖြစ်အောင် လျှော့ချနိုင်ရေးအတွက် ကြိုတင်စီမံခန့်ခွဲနိုင်သည်။

ထို့ကြောင့် ရေကြီးရေလျှံစဉ်အတွင်း ဆောင်ရွက် သင့်သည်များကို ဖော်ပြသွားပါမည်။ ပတ်ဝန်းကျင် တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေများစတင် ဝင်ရောက်လာသည်ကို သိလျှင်သိချင်း ရေဘေး လွတ်ရာကုန်းပြင်မြင့်များသို့ စနစ်တကျရွှေ့ပြောင်း ကြရမည်။ ရေကြီးရေလျှံစဉ်အတွင်း ရေကို လက်လွတ်စပယ် မသောက်သုံးသင့်ပေ။ ဝမ်းပျက် ဝမ်းလျှော၊ အူရောင်ငန်းဖျား စသောရောဂါများ ဖြစ်နိုင်သည့်အတွက် တတ်နိုင်သမျှ ရေကိုကျိုချက် သောက်ခြင်း၊ သောက်သုံးရေသန့်ကို ကြိုတင် စုဆောင်းထားခြင်းများ ဆောင်ရွက်ထားရမည်။ အရေးပေါ်အိတ်များ ပြင်ဆင်ထားရမည်။ ထိုအိတ် များထဲတွင် အကိုက်အခဲပျောက်ဆေး၊ နှာဆေး၊ ချောင်းဆိုးပျောက်ဆေးကဲ့သို့ အခြေခံဆေးဝါးများ၊ ဓာတ်ဆားရည်ထုပ်များ၊ ရေသန့်ဘူးများ၊ ခေါက်ဆွဲခြောက်များ၊ ဓာတ်ခဲသုံးဓာတ်မီး၊ ပါဝါဘဏ် စသည့်ပစ္စည်းများ ပြင်ဆင်ကာစုဆောင်းထားရမည်။

ထို့ပြင် မြစ်ချောင်းများမှ ရေကြီးရေလျှံခြင်းကို ကာကွယ်ရန် ထိုဒေသအနီးနေထိုင်သူများ စုပေါင်း ကာ ကမ်းနဖူးများတွင် သဲအိတ်များကြိုတင်ပြင်ဆင် စုဆောင်းခြင်း၊ ရေထိန်းနံရံ၊ ရေထိန်းတံခါးများ တည်ဆောက်ထားရမည်။ ရုတ်တရက်ရေကြီးလာ ၍ အရေးပေါ်အခြေအနေကြုံလာလျှင် ရပ်ရွာ လူထုကို ကူညီကယ်ဆယ်ရေးအတွက် ကယ်ဆယ် ရေးအဖွဲ့များ၊ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များနှင့် လူမှုရေးအဖွဲ့များကို သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုတင်ပြင်ဆင်ဖွဲ့စည်းထားရမည်။ ထိုသို့သဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုများနှင့် ကြိုတင် စီစဉ်ဆောင်ရွက်မှုများကို နိုင်ငံတော်အဆင့်၊ ပြည်နယ်အလိုက်၊ စီရင်စုအလိုက် ဖွဲ့စည်းဆောင်ရွက် ခြင်းသည် ရေကြီးရေလျှံမှုဖြစ်ပေါ်ပါက များစွာ အထောက်အပံ့ဖြစ်စေသည်ကို တွေ့ရပေသည်။ ထိုသို့သဘာဝဘေးနှင့်ပတ်သက်ပြီး ဘေးကင်းလုံခြုံ ၍ ကြံ့ကြံ့ခံနိုင်သော စီမံချက်များဖြစ်လာစေရန် အသိပညာ၊ အတတ်ပညာနှင့် တီထွင်ကြံဆမှုတို့ကို အသုံးချ၍ ဆောင်ရွက်ခြင်းအားဖြင့် သဘာဝဘေး အန္တရာယ်ကို ထိရောက်စွာရင်ဆိုင်ဖြေရှင်းနိုင်မည် ဖြစ်သည့်အပြင် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံး မှုများလည်း များစွာလျော့နည်းသွားမည်ဖြစ်သည်။

ရေဘေးအန္တရာယ်ကျရောက်လာသည့်အခါတွင် ဖြစ်ပေါ်နိုင်သည့် ပျက်စီးဆုံးရှုံးမှုများ လျော့ပါးရေး အတွက် ကြိုတင်ပြင်ဆင်ကာကွယ်ရေး၊ ရှာဖွေ ကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက် ရေးကို ထိထိရောက်ရောက်၊ လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ရန် နိုင်ငံတိုင်းသည် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ နှင့် သက်ဆိုင်ရာသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များကိုဖွဲ့စည်း ဆောင်ရွက်ထားရမည်ဖြစ်သည်။ ကြိုတင်ပြင်ဆင် ခြင်း၊ ကြိုတင်ဆောင်ရွက်ခြင်းနှင့် အဆင်သင့်ဖြစ်နေ ခြင်း၊ သဘာဝဘေးဆိုင်ရာကြိုတင်သတိပေးချက်များ ကို ပြည်သူများအချိန်နှင့် တစ်ပြေးညီသိရှိစေခြင်းက ထိခိုက်ဆုံးရှုံးနစ်နာမှုများကိုမှု အနည်းဆုံးဖြစ်စေပြီး အချိန်မီရွှေ့ပြောင်းနိုင်သဖြင့် ပြည်သူများ၏အသက် သေဆုံးမှုကို များစွာလျော့ချနိုင်သည်။ ထို့ကြောင့် ကြိုတင်ပြင်ဆင်စီမံခန့်ခွဲမှုများသည် များစွာအရေးပါ ပြီး အထူးအလေးဂရုပြုဆောင်ရွက်သွားရမည့်လုပ်ငန်း စဉ်များပင်ဖြစ်သည်။ ရေကြီးရေလျှံမှု သဘာဝဘေး အန္တရာယ်များသည် နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရမည့် သဘာဝဘေးတစ်ခုပင်ဖြစ်သည့်အတွက် ရေရှည်ကို မျှော်တွေးပြီး ပျက်စီးဆုံးရှုံးမှုနည်းပါးစေရေးအတွက် ကမ္ဘာတစ်ဝန်းတွင် နိုင်ငံအသီးသီး၏ အစိုးရများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများနှင့် အတူတကွပူးပေါင်းကာ ရေကြီးရေလျှံမှုကာကွယ်ရေး အစီအမံများကို ဆောင်ရွက်သင့်ပါသည်။

ရေကြီးရေလျှံမှုကို အဓိကလျော့ချပေးနိုင်သော အရာများမှာ သစ်ပင်၊ သစ်တောများပင်ဖြစ်သည်။ ထို့ကြောင့် ရေကြီးရေလျှံမှုကြောင့် ပျက်စီးပြုလဲသွား သော သစ်ပင်များကို အမြန်အစားထိုးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရမည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်းလုံး က ရေကြီးရေလျှံမှုလျော့ချရေးအတွက် သစ်ပင်များ ကို မိုးဦးကာလ မြေဆီစိုခိုက်တွင် အဖွဲ့လိုက် အင်တိုက်အားတိုက် စိုက်ပျိုးကြခြင်းဖြစ်သည်။ ထို့ပြင် သစ်ပင်များစိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းများကို တစ်စိုက်မတ်မတ် ရေရှည်စီမံ ကိန်းချ၍ အကောင်အထည်ဖော်ဆောင်ရွက်သွား ကြမည်ဆိုလျှင်ဖြင့် သစ်ပင်သစ်တောများဖြင့် စိမ်းစိုလန်းဆန်းကာ ရေကြီးရေလျှံမှုဖြစ်စဉ်များတွင် စီးပွားရေးဆိုင်ရာဆုံးရှုံးရမှုများ လျော့ကြလာမည်ဖြစ် သည်။ သစ်ပင်၊ သစ်တောများသည် ကျွန်းစုဒေသ များနှင့် ကမ်းရိုးတန်းဒေသများကို လေမုန်တိုင်းဒဏ် နှင့် ရေကြီးရေလျှံမှုဒဏ်မှ ကာကွယ်ပေးနိုင်သည့် အပြင် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှု၏ ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချနိုင်သဖြင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သစ်ပင်စိုက်ပျိုးခြင်း များ၊ ဒီရေတောများထိန်းသိမ်းခြင်း၊ လေကာပင်များ စိုက်ပျိုးခြင်းများကို ဆောင်ရွက်ရမည်ဖြစ်သည့်အပြင် ရေကြီးရေလျှံမှုများကို ကြံ့ကြံ့ခံနိုင်ရန်အတွက် မြို့ရွာများတွင် ရေဘေးကာကွယ်ရေး တာတမံများ တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး တာတမံများကို ခိုင်ခံ့အောင် အဆင့်မြှင့်တင်ခြင်း၊ လူနေရပ်ကွက်များ အတွင်း ရေစီးရေလာကောင်းအောင်ဆောင်ရွက် ခြင်း၊ ရေလွတ်နိုင်သည့် အိမ်များဖြစ်စေရန် အောက်ခြေကိုမြှင့်၍ တည်ဆောက်ခြင်း၊ လမ်း တံတားများ တည်ဆောက်ရာတွင် ရေဘေးနှင့် တခြားသောဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေး အန္တရာယ်ခံနိုင်ရည်ကိုပါ ထည့်သွင်းတွက်ချက် တည်ဆောက်ခြင်းဖြင့် နှစ်စဉ်ရင်ဆိုင်ကြုံတွေ့ ရမည့် ရေကြီးရေလျှံရေလွှမ်းမိုးမှုအန္တရာယ်ကို အောင်မြင်စွာ ရင်ဆိုင်ကျော်လွှားနိုင်ကြမည်ဖြစ်ပါ ကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- **Flood Safety Tips and Resources**
- **Prevention and caution of flood in the community**

# မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၂၇၂ ဧက စိုက်ပျိုးပြီးစီး



**မင်းကင်း ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၂၇၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၂၆၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၇၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပဲစင်းငုံ ၂၂၆၈ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၂၇၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးမှုအနေနဲ့ကတော့ လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲစင်းငုံ စိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သဖြင့် ပဲစင်းငုံကို အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# တောင်တွင်းကြီးမြို့နယ် ဆင်လူးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဦးကျေးရွာအုပ်စု ဆင်လူးကျေးရွာ၌ ဆဌမအကြိမ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ဆင်လူးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များက ဆင်လူးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၈ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေကျပ်သိန်း၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်ထံမှ သိရသည်။

**နွဲ့ယဉ်**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ၂၄ ပြည်ဝင် ထိုင်းဘောကျားဆန် အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ၂၄ ပြည်ဝင် ထိုင်းဘောကျားဆန် အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလ ဒုတိယပတ်အတွင်း ၂၄ ပြည်ဝင် ထိုင်းဘောကျားဆန် အိတ်ရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ၂၄ ပြည်ဝင် ထိုင်းဘောကျား ဆန်အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဇွန်လအတွင်းက ၂၄ ပြည်ဝင် ထိုင်းဘောကျားဆန် အိတ်ရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘောကျားအမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစားဖြစ်တယ်။ ပြည်တွင်း ဆန်၊ စပါးဈေးကွက်မှာကို စပါးက အဝယ်လိုက်နေတာပါ''ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင် ထိုင်းဘောကျားဆန် တစ်အိတ်လျှင် ငွေကျပ် ၉၈၅၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများအရောင်းအဝယ်ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရေကြည်မြို့နယ် အသုတ်အမှတ်(၅)ရပ်ကွက်၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ရေကြည် ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် အသုတ်အမှတ်(၅)ရပ်ကွက်တွင် ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေး၊ ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် တာဝန်ခံ အင်ဂျင်နီယာများက တာဝန်ရှိသူများနှင့်အတူ အသုတ်အမှတ်(၅)ရပ်ကွက်၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရေကြည်မြို့နယ် အသုတ်အမှတ်(၅) ရပ်ကွက်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အရှည် တစ်မိုင် ၁ ဒသမ ၇၉ ဖာလုံ၊ အကျယ် ၁၅ ပေ၊ အမြင့် သုံးပေရှိ မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း၊ အဆိုပါ ကုန်ထုတ်လမ်းပေါ်တွင် အရှည် ၁၅ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ကုန်ထုတ်တံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့် အရှည် ၁၈ ပေ၊ အကျယ် ငါးပေ၊ အမြင့် ငါးပေရှိ Box Culvert နှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၂၂၁ ဒသမ ၅၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် လာဘ်မိုးသဲကုမ္ပဏီက ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးထံမှ သိရသည်။

**သံသာ**

# မင်းဘူးမြို့နယ် ကြီးပင်ကန်(ရှေ့)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းဘူး ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ကြီးပင်ကန်(ရှေ့)ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇူလိုင် ၂၉ ရက်က တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကြီးပင်ကန်(ရှေ့)ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ကြီးပင်ကန်(ရှေ့)ကျေးရွာ၌ လမ်းအရှည် ပေ ၅၂၀၊ အကျယ် ၁၅ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၅၀ စုစုပေါင်း ငွေကျပ် သိန်း ၂၀၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန် ၂၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

**ဇင်မာ**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် (FTA) အကြောင်း လေ့လာမှု

ထူးတင့်ဟန်

ယနေ့ကမ္ဘာ့စီးပွားရေးတွင် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်များ (FTAs) သည် နိုင်ငံတကာကုန်သွယ်မှုစနစ်ကို ပုံဖော်ရာတွင် အားကောင်းသည့် လက်ကိုင်ကိရိယာများအဖြစ် ပေါ်ထွက်လာသည်။ နိုင်ငံနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော နိုင်ငံတို့ကြား ဖွဲ့စည်းထားသော အဆိုပါ သဘောတူညီချက်များသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးပြီး ကုန်သွယ်မှု အတားအဆီးများကို စနစ်တကျ လျှော့ချပေးသည်။ အကောက်ခွန်များ ဖယ်ရှားခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် နယ်စပ်ဖြတ်ကျော်ရင်းနှီးမြှုပ်နှံမှုများကို လွယ်ကူချောမွေ့စေခြင်းဖြင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်များ (FTAs) သည် ပိုမိုကောင်းမွန်သော ဈေးကွက်ဝင်ရောက်ခွင့်၊ စက်မှုတိုးတက်မှုနှင့် ပထဝီဝင်နိုင်ငံရေးတည်ငြိမ်မှုအတွက် လမ်းကြောင်းများကို ဖန်တီးပေးသည်။

သာဓကအနေဖြင့်ပြရသော် ဒေသတွင်း အရှေ့တောင်အာရှနိုင်ငံများကို ကမ္ဘာ့စီးပွားရေးတက်ကြွသော ဒေသတစ်ခုအဖြစ်သို့ ပြောင်းလဲရာတွင် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်များ (FTAs) အသုံးချမှုသည် များစွာအကူအညီဖြစ်စေခဲ့ပြီး အထူးအောင်မြင်ခဲ့သည်။ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် (AFTA)နှင့် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP)ကဲ့သို့သော သဘောတူစာချုပ်များသည် ဒေသတွင်းကုန်သွယ်မှုကို မြှင့်တင်ပေးရုံသာမက ကမ္ဘာ့ပံ့ပိုးရေးကွင်းဆက်များတွင် အာဆီယံကိုဗဟိုပြုသော အခန်းကဏ္ဍတစ်ခုအဖြစ်ဖြစ်ပေါ်လာစေသည်။

လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်ဆိုသည်မှာ ပါဝင်သည့်နိုင်ငံများကြား ကုန်သွယ်မှုဖြေလျှော့မှုမြှင့်တင်ရန် ရေးဆွဲထားသော တရားဝင်လက်မှတ်ရေးထိုးချုပ်ဆိုထားသည့် စည်းမျဉ်းစာချုပ်ဖြစ်သည်။ ၎င်းတို့၏ အဓိကရည်ရွယ်ချက်များမှာ-

(၁) အကောက်ခွန်ပပျောက်ရေး- ကုန်ပစ္စည်းအပေါ် တင်သွင်းခွန်၊ တင်ပို့ခွန်များကို တဖြည်းဖြည်း လျှော့ချရန် သို့မဟုတ် အပြီးသတ်ဖယ်ရှားရန်။

(၂) ဈေးကွက်ဝင်ရောက်မှု ချဲ့ထွင်ရေး- တင်းကျပ်သောကုန်သွယ်မှု မူဝါဒများကို ဖယ်ရှားရန်။

(၃) စည်းမျဉ်းစည်းကမ်းများ စည်းဝါးညီစနစ်ဖြစ်ပေါ်စေရေး- ထုတ်ကုန်စံနှုန်းများ၊ အသိအမှတ်ပြုလက်မှတ်များ၊ အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ချိန်ညှိပေးရန်။

(၄) ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး- တည်ငြိမ်သော ကုန်သွယ်မှုစည်းမျဉ်းများမှတစ်ဆင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို အကာအကွယ်ပေးရန်။

(၅) စီးပွားရေးတိုးတက်မှုကို လှုံ့ဆော်ပေးရေး- ကုန်သွယ်မှု တိုးလာခြင်းသည် GDP နှင့် အလုပ်လုပ်ကိုင်မှုနှုန်းများ မြင့်မားစေရန်။

ကုန်သွယ်မှု ဖြေလျှော့မှုသဘောတရားသည် အကောက်ခွန်နှင့်ကုန်သွယ်မှုဆိုင်ရာ အထွေထွေသဘောတူညီချက်(GATT) ကို ၁၉၄၇ ခုနှစ်မှစတင်ခဲ့ပြီးနောက်ပိုင်းတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) အဖြစ် ၁၉၉၅ ခုနှစ်တွင် ပြောင်းလဲဖွဲ့စည်းခဲ့ရာမှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ယခင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ WTO မူဘောင်အောက်ရှိ နိုင်ငံစုံ သဘောတူညီချက်များသည် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုဖြေလျှော့မှုများအတွက် ရည်ရွယ်သော်လည်း စေ့စပ်ညှိနှိုင်းမှုအရှိန်နှေးကွေးခြင်းကြောင့် နိုင်ငံများကြား စီးပွားရေးပေါင်းစည်းမှု ပိုမိုမြန်ဆန်စေရန် နှစ်နိုင်ငံနှင့်ဒေသတွင်း လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်များ (FTAs) ကို ထူထောင်ရန် ဦးတည်လာစေခဲ့သည်။

ကမ္ဘာပေါ်ရှိအောင်မြင်ခဲ့သော လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်များမှာ မြောက်အမေရိကလွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (NAFTA၊ ၁၉၉၄ ခုနှစ်) (နောက်ပိုင်းတွင် USMCA ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်)၊ ဥရောပဘုံဈေးကွက် (၁၉၉၃ခုနှစ်)နှင့် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် (AFTA၊ ၁၉၉၂ ခုနှစ်) တို့ဖြစ်သည်။ ယနေ့ခေတ်လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်များ (FTAs) ကို အမျိုးအစားခွဲကြည့်လျှင် သုံးမျိုးတွေ့မြင်နိုင်သည်။ ၎င်းတို့မှာ နှစ်နိုင်ငံကြားချုပ်ဆိုသော လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် (Bilateral FTAs)၊ ဒေသတွင်းနိုင်ငံများကြားချုပ်ဆိုသော လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် (Plurilateral FTAs) နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ WTO အောက်ရှိ ကမ္ဘာလုံးဆိုင်ရာသဘောတူညီချက်များ ချုပ်ဆိုသော နိုင်ငံစုံပါဝင်သော လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ် (Multilateral FTAs) တို့ဖြစ်သည်။

ခေတ်မီလွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် (FTA) တစ်ခုတွင် ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေး၊ ဒီဂျစ်တယ်ကုန်သွယ်ရေး၊ ကုန်ပစ္စည်းမူပိုင်ခွင့်၊ လုပ်သားနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းတို့ပါဝင်သည်။ ကုန်စည်ကုန်သွယ်ရေးအောက်တွင် ပင်ရင်းနိုင်ငံစည်းမျဉ်းများ၊ အကောက်ခွန်ချိန်ညှိမှုဇယားနှင့် အကောက်ခွန်လွယ်ကူချောမွေ့စေရေးတို့ပါဝင်သည်။ ဝန်ဆောင်မှုကုန်သွယ်ရေးအောက်တွင် ဘဏ်လုပ်ငန်း၊ အိုင်တီနှင့် ပံ့ပိုးပို့ဆောင်ရေး ကဏ္ဍများကို ဖြေလျှော့ပေးခြင်းတို့ပါဝင်သည်။ ဒစ်ဂျစ်တယ်ကုန်သွယ်မှုအောက်တွင် ဒေတာဒေသချဲ့ထွင်ခြင်းဥပဒေများ၊ e-commerce စည်းမျဉ်းများပါဝင်သည်။ ကုန်ပစ္စည်းမူပိုင်ခွင့် (IPR) အောက်တွင် မူပိုင်ခွင့်အကာအကွယ်ပေးမှုများ၊ မူပိုင်ခွင့်ပြဋ္ဌာန်းချက်များ ပါဝင်သည်။ လုပ်သားနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံနှုန်းများအောက်တွင် ရေရှည်တည်တံ့သော ကုန်သွယ်မှုအလေ့အကျင့်များပါဝင်သည်။

၁၉၆၇ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သော အဖွဲ့ဝင် ၁၀ နိုင်ငံပါဝင်သည့် အာဆီယံအဖွဲ့ကြီးသည် ၎င်းအောက်ရှိ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် (AFTA)၊ အာဆီယံစီးပွားရေးအသိုက်အဝန်း(AEC)နှင့် အာဆီယံအပေါင်းတစ်လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်များ (FTAs)ကြောင့် အကျိုးကျေးဇူးအများအပြားရရှိခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် ၎င်း၏ GDP တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ထရီလီယံထိ ရောက်ရှိခဲ့သည်။ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် (AFTA) ကို ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၎င်းသည် အာဆီယံဒေသတွင်းအကောက်ခွန်လျှော့ချမှုအနေဖြင့် ကုန်စည်အများစုကို ၅ ရာခိုင်နှုန်းထိ လျှော့ချနိုင်ခဲ့သည်။ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကို ၂၀၁၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံကို ဖန်တီးရန် ရည်ရွယ်သည်။ အာဆီယံအပေါင်းတစ်လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်များ (FTAs) တွင် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ နယူးဇီလန်နိုင်ငံတို့နှင့်ချုပ်ဆိုသော လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ်များ (FTAs) ပါဝင်သည်။




လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်များ (FTAs) သည် စာချုပ်ချုပ်ဆိုထားသော နိုင်ငံများကို အကျိုးကျေးဇူးများ ယူဆောင်ပေးသည်။ အာဆီယံဒေသတွင်း ကုန်သွယ်မှုတန်ဖိုးသည် ၁၉၉၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံရှိရာမှ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၀၀ ဘီလီယံထိ ရှိလာသည်။ သာဓကအနေဖြင့် မလေးရှားနိုင်ငံ၏ အီလက်ထရောနစ်ပို့ကုန်များသည် အကောက်ခွန်ကင်းလွတ်ခွင့်များကြောင့် နှစ်စဉ် ၈ ရာခိုင်နှုန်းတိုးတက်လာသည်။ အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုဒေသ (ACFTA) သည် ၂၀၁၀ ပြည့်နှစ်ကတည်းကပင် ကုန်စည်အားလုံး၏ ၉၀ ရာခိုင်နှုန်းကို အကောက်ခွန်ကင်းလွတ်ခွင့်ပေးခဲ့သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် အာဆီယံ၏ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်လာပြီး ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၇၅ ဘီလီယံထိ ရှိလာခဲ့သည်။ ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန် တင်ပို့မှုသည် နှစ်စဉ် ၁၂ ရာခိုင်နှုန်း တိုးတက်လာသည်။ ထိုင်းမော်တော်ကားကုမ္ပဏီများသည် တရုတ်နိုင်ငံသို့ ပံ့ပိုးရေးကွင်းဆက်များ တိုးချဲ့နိုင်ခဲ့သည်။

ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP) သည် ကမ္ဘာပေါ်ရှိ အကြီးမားဆုံး လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် (FTA) ဖြစ်ပြီး ကမ္ဘာ့ GDP ၏ ၃၀ ရာခိုင်နှုန်းကို ကိုယ်စားပြုနေသည်။ အကျိုးကျေးဇူးအနေဖြင့် ၂၀၂၃ ခုနှစ်တွင် အာဆီယံသို့ ဂျပန်နိုင်ငံ၏ စက်ပစ္စည်းများတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံထိ မြင့်တက်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၏ ဒစ်ဂျစ်တယ်စီးပွားရေးသည် e-commerce ပြဋ္ဌာန်းချက်များအောက်တွင် ၂၂ ရာခိုင်နှုန်းတိုးတက်လာသည်။ စင်ကာပူနိုင်ငံ၏ ပို့ကုန်တိုးတက်မှုကြောင့် ၎င်း၏ GDP သည် ၂၀၂၃ ခုနှစ်တွင် ၃ ဒသမ ၈ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံသည် ဂျပန်အီလက်ထရွန်နစ်ကုမ္ပဏီများကို ဖိတ်ခေါ်လာနိုင်ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံရရှိလာခဲ့သည်။

အနာဂတ်တွင် အာဆီယံ၏ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်များ (FTAs) သည် ဒီဂျစ်တယ်ကုန်သွယ်ရေးသို့ ကူးပြောင်းလာစေနိုင်မည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် ၎င်း၏ ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ တစ်ထရီလီယံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်များ (FTAs) အထူးသဖြင့် အာဆီယံဦးဆောင်သော သဘောတူစာချုပ်များသည် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုတိုးတက်မှုကို တွန်းအားပေးရာတွင် အသွင်ကူးပြောင်းမှုတစ်ခု ဖြစ်ပေါ်လာစေသည်။ ထို့ကြောင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် (FTA)၏ အကျိုးကျေးဇူးများကြောင့် အာဆီယံသည် အနာဂတ်တွင် ဒစ်ဂျစ်တယ်နှင့် ရေရှည်တည်တံ့သောကုန်သွယ်မှုတွင် ကြီးမားသော အလားအလာကောင်းများ ပိုင်ဆိုင်လာမည်ဖြစ်ကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

၁။ https://asean.org/

၂။ https://www.worldbank.org

၃။ https://unctad.org

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## ပေါ်တူဂီနိုင်ငံတွင် နေရာသုံးနေရာ၌ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး ဒေသခံများဘေးလွတ်ရာရွှေ့ပြောင်းနေရ



**လစ္စဘွန်း ဇူလိုင် ၃၀**

ပေါ်တူဂီနိုင်ငံ အလယ်ပိုင်းနှင့် တောင်ဘက်ပိုင်းတို့တွင် နေရာသုံးနေရာ၌ ဇူလိုင် ၂၉ ရက်ကစ၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး ဒေသခံများဘေးလွတ်ရာ ရွှေ့ပြောင်းနေကြရကြောင်း ပေါ်တူဂီ မီးသတ်တပ်ဖွဲ့က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့် နေရာသုံးနေရာအနက် လစ္စဘွန်းမြို့ မြောက်ဘက်ပိုင်း အရိုကာနယ်မြေတွင် လောင်ကျွမ်းနေသည့်တောမီးမှာ အန္တရာယ်အရှိဆုံး တောမီးလောင်ကျွမ်းမှုဖြစ်ပြီး ဒေသခံများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ၁၃၀၀ ကျော်ထိအသုံးပြုထားပြီး လေကြောင်းအကူအညီကိုပါရယူထားကြောင်း ပေါ်တူဂီမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

"ပေါ်တူဂီနိုင်ငံ အလယ်ပိုင်းနဲ့ တောင်ဘက်ပိုင်း ဒေသတွေမှာ ဇူလိုင် ၂၉ ရက်က စတင်ပြီးတော့ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးအရှိန်မြင့်တက်နေသလို ကြီးမားတဲ့ တောမီးလောင်ကျွမ်းမှုနဲ့ ရင်ဆိုင်နေရတဲ့နေရာ သုံးနေရာရှိပါတယ်။ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေတဲ့နေရာ သုံးနေရာအနက် လစ္စဘွန်းမြို့ မြောက်ဘက်ပိုင်း ကီလိုမီတာ ၃၀၀ ခန့်ဝေးကွာတဲ့ အာရိုကာနယ်မြေမှာ တောမီးအဆိုးရွားဆုံး လောင်ကျွမ်းနေတာဖြစ်ပါတယ်။ တောမီးကိုငြိမ်းသတ်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင် ၁၃၀၀ ကျော်ကို အသုံးပြုထားပါတယ်။ အချို့နေရာတွေမှာ တောမီးကို မြေပြင်ကနေ ငြိမ်းသတ်ဖို့အတွက် အခက်အခဲရှိနေလို့ လေကြောင်းအကူအညီရယူထားရပါတယ်။ ဒေသခံတချို့လဲ ဘေးလွတ်ရာရွှေ့ပြောင်းနေရပါတယ်" ဟု ပေါ်တူဂီမီးသတ်တပ်ဖွဲ့မှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

## အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်

**ဂျကာတာ ဇူလိုင် ၃၀**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း အာချေးပြည်နယ်တွင် ဇူလိုင် ၂၉ ရက်က ပြင်းအား ၆ ဒသမ ၃ မဂ္ဂနီကျူအဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း နိုင်ငံ၏ မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ဒေသစံတော်ချိန် နံနက် ၁ နာရီ ၄၁ မိနစ်တွင် ငလျင်သည် အာချေးပြည်နယ်ရှိဆာဘန်းမြို့၏အနောက်မြောက်ဘက် ၂၄၇ ကီလိုမီတာအကွာ ပင်လယ်ကြမ်းပြင်အောက် အနက် ၁၅ ကီလိုမီတာတွင် လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် နိုင်ငံတွင်းရှိ လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများ ထိခိုက်မှုအနည်းငယ်ဖြစ်ပေါ်ခဲ့ကြောင်း၊ သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားပေးဓာတ်တိုင်တချို့ ပြိုလဲခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် ငလျင်လှုပ်ခတ်ခဲ့သည့်အတွက်ကြောင့် အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး လူသေဆုံးမှုမရှိသေးသော်လည်း ထိခိုက်ဒဏ်ရာ ရသူများနှင့် အဆောက်အအုံအပျက်အစီးများကြား ပိတ်မိနေသူတချို့ရှိသဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ လှိုင်းလုံးကြီးများ ဖြစ်ပေါ်လာနိုင်ခြေမရှိသောကြောင့် ဆူနာမီသတိပေးချက် ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

## နိုင်ဂျီးရီးယားနိုင်ငံ အဒမ်မာဝါပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုကြောင့် သေဆုံးသူ ၂၃ ဦးထိရှိလာ

**အဘူဂျာ ဇူလိုင် ၃၀**

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း အဒမ်မာဝါပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းကာ ရေလွှမ်းမိုးမှုကြောင့် ဇူလိုင် ၂၉ ရက်ထိ သေဆုံးသူ ၂၃ ဦးရှိလာပြီဖြစ်ကြောင်း နိုင်ငံအာဏာပိုင်များကယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ရေလွှမ်းမိုးမှုကြောင့် လူ ၂၃ ဦးသေဆုံးပြီး ၅၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဇူလိုင် ၂၇ ရက်က စတင်၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ဇူလိုင် ၂၈ ရက်တွင် အဒမ်မာဝါပြည်နယ် မြို့တော် ရိုလာမြို့တွင်းရှိ နေအိမ်များနှင့် အခြေခံအဆောက်အအုံများ နစ်မြုပ်သွားကာ ဇူလိုင် ၂၉ ရက်ထိ ရေဘေးသင့်ပြည်သူ ဦးရေ ၅၅၆၀ ကို



ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အမျိုးသားအရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီမှ စစ်ဆင်ရေးအကြီးအကဲ လာဒန်အူဘာက ပြောကြားခဲ့သည်။

ယနေ့တွင် အဒမ်မာဝါပြည်နယ်အပါအဝင် နိုင်ငံတွင်းရှိ အခြားပြည်နယ် ၂၇ ခုကို ဩဂုတ် ၅ ရက်ထိ ကြီးမားသောရေလွှမ်းမိုးမှုဖြစ်နိုင်ခြေ သတိပေးချက် ထုတ်ပြန်ထားကြောင်း နိုင်ဂျီးရီးယား ဖလဗေဒ ဝန်ဆောင်မှုအေဂျင်စီက ထုတ်ပြန်ထားသည်။

Ref : Sputnik News

Trs : KZ

## လေထုညစ်ညမ်းမှုကြောင့် ဦးနှောက်ဆိုင်ရာရောဂါများ ဖြစ်ပေါ်လာနိုင်မှုနှုန်း မြင့်တက်နေကြောင်း အင်္ဂလန်နိုင်ငံသုတေသီများက ထုတ်ပြန်

**လန်ဒန် ဇူလိုင် ၃၀**

အင်္ဂလန်နိုင်ငံရှိ ကမ်းဘရစ်ချ် တက္ကသိုလ်မှ ဆေးဘက်ဆိုင်ရာ သုတေသီများ၏ လေထုညစ်ညမ်းမှုနှင့် ပတ်သက်ပြီးဖြစ်ပေါ်လာနိုင်သည့် ရောဂါများဆိုင်ရာ သုတေသနရလဒ်အရ လေထုညစ်ညမ်း မှုနှင့်ဆက်စပ်ပြီးဦးနှောက်ပိုင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်နေကြောင်း ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၂၉ ရက် သတင်းများတွင် ဖော်ပြခဲ့သည်။

ကမ္ဘာတစ်ဝန်း လေထုညစ်ညမ်းမှုပြဿနာဖြင့် ဆိုးရွားစွာရင်ဆိုင်နေရပြီး မူလကသုတေသီများ၏ သုတေသန ရလဒ်အရ လေထုညစ်ညမ်းမှုကြောင့် နှလုံး၊ အသက်ရှူလမ်းကြောင်း ဆိုင်ရာ ရောဂါဝေဒနာများကိုဖြစ်ပေါ်စေကြောင်း ထုတ်ပြန်ခဲ့ကြသည်။

ကမ်းဘရစ်ချ် တက္ကသိုလ်မှ သုတေသီများက လေထုညစ်ညမ်းမှုပြဿနာသည် မူလကတွေ့ရှိချက်များထက် ပိုမိုဆိုးရွားသော ရောဂါဝေဒနာများကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဦးနှောက်ဆိုင်ရာ ရောဂါခံစားရသူမှာ ခန့်မှန်း ၅၇ သန်းခန့်ရှိကြောင်း သုတေသနရလဒ်များနှင့်တကွ ထုတ်ပြန်လာခဲ့သည်။

"လေထုညစ်ညမ်းမှုနဲ့ ပတ်သက်ပြီး ဆေးဘက်ဆိုင်ရာ သုတေသနလုပ်ငန်း ၅၇ ခုထိ ပြုလုပ်ခဲ့ပါတယ်။ သုတေသနရလဒ်တွေအရ လေထုညစ်ညမ်းမှုကြောင့် ဦးနှောက်နဲ့ ဆက်စပ်တဲ့ ရောဂါဝေဒနာ ဖြစ်ပွားမှုနှုန်းတွေ မြင့်မားလာတာ တွေ့ရတယ်။ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ ဦးနှောက်နဲ့ ဆက်စပ်တဲ့ရောဂါဝေဒနာခံစားရသူ ၅၇ သန်း လောကထိ ရှိနေတယ်။ လေထုညစ်ညမ်းမှုကို မထိန်းချုပ်နိုင်ရင်တော့ ၂၀၅၀ ပြည့်နှစ် လောက်မှာ ရောဂါဝေဒနာခံစားရသူ သုံးဆထိ မြင့်တက်လာနိုင်ပါတယ်"ဟု ကမ်းဘရစ်ချ် သုတေသီများအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

## ရုရှားအရှေ့ဖျားရှိကျွန်းဆွယ်တွင် ငလျင်လှုပ်ခတ်မှုကြောင့် ဂျပန်နိုင်ငံတွင် ဆူနာမီလှိုင်းသတိပေးချက် ထုတ်ပြန်

**တိုကျို ဇူလိုင် ၃၀**

ရုရှားအရှေ့ဖျားဒေသတစ်ခုဖြစ်သည့် ကမ်ချက်ကာကျွန်းဆွယ်တွင် ဒေသစံတော်ချိန် ယနေ့ နံနက် ၈ နာရီ ၂၅ မိနစ်က ပြင်းအား ၈ ဒသမ ၇ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် ဂျပန်နိုင်ငံတွင် မိုးလေဝသအေဂျင်စီက ဆူနာမီလှိုင်းသတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ငလျင်ပြင်းအားများသည့်အတွက် ဂျပန်နိုင်ငံတွင် ဆူနာမီလှိုင်း လာမည့် ၂၄ နာရီအတွင်း ဖြစ်ပေါ်လာနိုင်ကြောင်း၊ ငလျင်လှုပ်ခတ်ပြီးစတွင် သုံးမီတာမှ လေးမီတာကျော်ထိမြင့်မားသော ဆူနာမီလှိုင်းများ ဖြစ်ပေါ်နိုင်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"ရုရှားအရှေ့ဖျားဒေသမှာ ဒီနေ့မနက်မှာ ပြင်းအားများတဲ့ ငလျင် လှုပ်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ ငလျင်ပြင်းအားများတဲ့အတွက် ငလျင်လှိုင်းရိုက်ခတ်မှုတွေကလဲ အားပြင်းခဲ့တယ်။ ငလျင်လှိုင်းတွေကြောင့် ဂျပန်နိုင်ငံမှာ ဆူနာမီလှိုင်းတွေဖြစ်ပေါ်လာနိုင်ပါတယ်။ ငလျင်လှုပ်ခါစကတော့ ဆူနာမီလှိုင်းဟာ သုံးမီတာကနေ လေးမီတာလောက်ထိပဲ မြင့်တက်လာနိုင်တယ်လို့ သတိပေးချက်ထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမဲ့လဲ ငလျင်လှိုင်းရဲ့ပြင်းအားကြောင့် ဆူနာမီလှိုင်းဟာ လေးမီတာ ကျော်သွားနိုင်ပါတယ်။ အန္တရာယ်များတဲ့ အခြေအနေဖြစ်ပါတယ်။ ရုရှား၊ ဂျပန်နယ်စပ်က ကမ်းခြေဒေသတွေမှာ နေထိုင်တဲ့ ဒေသခံတွေအတွက် အန္တရာယ်များတဲ့အခြေအနေဖြစ်ပါတယ်"ဟု ဂျပန်မိုးလေဝသအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဂျပန်အာဏာပိုင်အဖွဲ့အစည်းကလည်း ဆူနာမီလှိုင်းဝင်ရောက်ဖွယ်ရှိနေသည့် ကမ်းခြေဒေသများတွင် နေထိုင်သည့် ဒေသခံများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော **ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀ ၂၇၀၄၊ ၀၉၇၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀ ၂၆၇၀

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

အမှတ်(ညည-၂၅/၁၅)၊ ၁၁၆(အေ)လမ်း၊ ၅၆ လမ်းနှင့် ၅၇ လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ကျွန်တော် ဦးအောင်ကျော်ညွန့်သည် အောက်ဖော်ပြပါ တံဆိပ်အမည် (၁)မျိုး

**၁။ ဟိဏ်းထက်သူ**

အထက်ဖော်ပြပါ တံဆိပ်အမည် (၁)မျိုးဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူ ထောက်ခံချက်ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်
ဦးအောင်ကျော်ညွန့်
09-256922911

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ အုန်းတောကျေးရွာ၊ နယ်မြေ(၆)တွင်နေထိုင်သည့် (ဘ) ဦးကံမောင်(၉/မရမ(နိုင်)၀၄၆၅၉၀) (မိခင်) ဒေါ်ပြုံးပြုံးလွင်(၅/စကန(နိုင်)၀၀၅၆၉၀) တို့၏သမီး ပညာမဏ္ဍိုင်ကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော မအိအိဖွေးသျှံ၏အမည်မှန်မှာ မအိအိဖွေးသျှန်ဖြစ်ပါကြောင်း။ **မအိအိဖွေးသျှန်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နွားထိုးကြီးမြို့နယ်၊ ကျီးကံရွာနေ မချစ်စုအောင်(၉/နထက(နိုင်)၂၀၄၆၄၅)၏ဖခင် ဦးအေးရှင်(၉/နထက(နိုင်)၀၅၈၇၆၆)နှင့် ဦးအေးရွှင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအေးရှင် (ခ) ဦးအေးရွှင် (၉/နထက(နိုင်)၀၅၈၇၆၆)**

## အမည်ပြောင်း

အမရပူရမြို့နယ်၊ မြစ်ငယ်မြို့၊ ဒိုဘီကုန်းမူလတန်း (လွန်)ကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော ဦးစည်သူမြင့်၏သား မောင်ခန့်စိုးဟိန်းအား မောင်လင်းမြတ်ဟိန်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်လင်းမြတ်ဟိန်း**

## အမည်မှန်

စစ်ကိုင်းမြို့၊ ရွှေမင်းဝံလေ့ကျင့်ရေးအထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးစိုးနိုင်၏သမီး မချစ်စုပြည့်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မချစ်ဆုပြည့် ဖြစ်ပါကြောင်း။ **မချစ်ဆုပြည့်(၅/စကန(နိုင်)၃၂၉၇၁၇)**

## အမည်ပြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ Professor ပညာရေးကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော (ဘ) ဦးထွန်းထွန်းဝင်း၏သား မောင်အောင်ကောင်းပြည့်အား မောင်လင်းဘုန်းခေတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်လင်းဘုန်းခေတ်**

## ပျောက်ဆုံးကြောင်း

မတ္တရာမြို့၊ စလေအုပ်စု၊ မြကန်ကျေးရွာ၊ ဦးကျော်ဇင်ဖြိုး(၉/မတရ(နိုင်)၂၂၈၃၄၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ-479897)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-663503818**

## ပျောက်ဆုံးကြောင်း

မိုင်းငေါ့မြို့၊ မိုင်းငေါ့ဈေးရပ်ကွက်နေ ဒေါ်အဲရွှေ (ဘ) ဦးဝါကွမ်း(၁၃/ကမန(နိုင်)၀၃၄၈၁၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(ME-026816)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-674257228**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဓေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

**အိမ်ပြင်ပဒ္ဓထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

❖ **မိမိတို့နိုင်ငံ၏ ထူးခြားသော ဝိသေသမှာ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်သည် ပြည်ထောင်စု တစ်ဝန်းလုံးတွင် ပေါင်းစည်း နေထိုင်ကြခြင်းပင် ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၅)သို့ တက်ရောက်အမှာစကားပြောကြား




တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၂၀

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင်

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

OUR SERVICES
- Current Deposit Account
- Savings Deposit Account
- Fixed Deposit Account
- Call Deposit Account
- Scholarship Funding Service
- Loans , Overdraft and Hire Purchase System
- Gift Cheque Services and Payment Order Services
- Safe Deposit Locker
- ATM / POS Services / MPU Debit Card / Credit Card
- Mobile Banking and Internet Banking Services
- Foreign Banking Services

“ စိတ်ချရတာ မြဝတီဘဏ် ”

Phone No : (01) 2301367, 2301368, 2301452, 2301378